# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် ‘ဒေါသ’ ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ်(၂၈၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# အပူပိုင်းဒေသ(၁၃)ခရိုင်အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှု အသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပပြုလုပ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ တမာပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး

## ယနေ့တွင် အပူပိုင်းဒေသ(၁၃)ခရိုင်၊ မြို့နယ်(၂၉)မြို့နယ်အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှု အသွင်ဖြင့် စုစုပေါင်းသစ်ပင် ၃၄၉၅၀ ကို စုပေါင်း စိုက်ပျိုးပေးနိုင်ခဲ့

နေပြည်တော် ဇူလိုင် ၁၁

မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၊ မိုးခေါင်ရေရှားမှုနှင့်ပြင်းထန်သည့် အပူချိန်မြင့်တက်မှုများကို အဓိကရင်ဆိုင်ကြုံတွေ့နေရသည့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့သည် မိုးနည်းသည့်ဒေသများဖြစ်ပြီး အပူဒဏ်ကို အများဆုံး ထိတွေ့ခံစားရသည့် ဒေသများဖြစ်သည်။ သို့ဖြစ်ပါ၍ ရာသီဥတုပြောင်းလဲမှုနှင့် မိုးခေါင်ရေရှားမှုတို့ကို သဘာဝအခြေပြု ဖြေရှင်းနည်းဖြစ်သည့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောများထိန်းသိမ်းခြင်း၊ လေကာတန်းများစိုက်ပျိုးခြင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးနည်းစနစ်များ ကျင့်သုံးခြင်း၊ ရေအရင်းအမြစ်များ စနစ်တကျစီမံခြင်း စသည့် နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ထိုသို့ဆောင်ရွက်သည့်အနေဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်းဒေသ (၁၃)ခရိုင်အတွင်းရှိ မြို့နယ်(၂၉)မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ သတ်မှတ်နေရာများ အသီးသီး၌ တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည်

*စာမျက်နှာ ၃ ကော်လံ ၁* ❖

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် လိန်တောကြိုးပြင်ကာကွယ်တောနေရာ၌ ကျင်းပပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်တွင် တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။




## မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၇၀) ပြည့် အထိမ်းအမှတ် အခါသမယတွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ် (၇၀) ပြည့် အထိမ်းအမှတ် အခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၊ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင် နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် မဟာ ပဝရ ဓိပတိ ဟွန်မာနိုက် တို့သည်လည်းကောင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရက် ဆုတ်ခ်ခွန်းတို့သည်လည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီး အပြန်အလှန် ပေးပို့ခဲ့ကြသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်။**

## မြန်မာနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ် (၇၀) ပြည့် အထိမ်းအမှတ် အခါသမယတွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့်လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ် (၇၀) ပြည့် အထိမ်းအမှတ် အခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် လာအိုနိုင်ငံသမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆုံဆိုင်း ဆီဖန်ဒုံ တို့သည်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် လာအိုနိုင်ငံ ဒုတိယသမ္မတ မစ္စစ် ပါနီး ယာထော်တူး တို့သည်လည်းကောင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် လာအိုနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟေး တို့သည်လည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီး အပြန်အလှန် ပေးပို့ခဲ့ကြသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်။**



**လှည့်လည်ကြည့်ရှု အားပေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် မိုးရာသီ လူထုလှုပ်ရှားမှု အသွင်ဖြင့် ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်တွင် တက်ရောက်လာကြသူများ ပျိုးပင်များ တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးစဉ်။

*❖ ရှေ့ဖုံးမှ*

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် လိန်တောကြိုးပြင်ကာကွယ်တောနေရာ၌ ကျင်းပပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ မိတ္ထီလာခရိုင် လိန်တောကြိုးပြင်ကာကွယ်တောနေရာ၌ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာ ညွှန့်ဖေ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အပူပိုင်းဒေသ (၁၃) ခရိုင်အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားရာတွင် ယခုကဲ့သို့

> ❒ **မိမိတို့စိုက်ပျိုးသည့်အပင်များ "တစ်ပင်စိုက်၊ တစ်ပင်ရှင်" ဖြစ်အောင် စနစ်တကျ စိုက်ပျိုးထိန်းသိမ်းသွားကြရန်လို၊ မိမိတို့စိုက်ပျိုးသည့် အပင်များအားလုံး ရှင်သန်စေရန်အတွက် တာဝန်ရှိသူများက စနစ်တကျ ဆက်လက်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စေတနာထား၍ ဆောင်ရွက်သွားကြရန်လို**

**အညာဒေသ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲကိုနိုင်ငံတော်အဆင့် ဆောင်ရွက်သည်မှာ ပထမဆုံးအကြိမ်ဖြစ်**ကြောင်း၊ ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးခြင်းသည် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ကောင်းမွန်သည့်ဆောင်ရွက်ချက်ပင်ဖြစ်ပြီး ပတ်ဝန်းကျင်ကောင်းအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ အထူးသဖြင့် မိတ္ထီလာဒေသအပါအဝင် အညာဒေသ (၁၃) ခရိုင်သည် ပူပြင်းသည့်ရာသီဥတုရှိသည့် ဒေသများဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ရာသီဥတုပူပြင်းသည့် ဒဏ်ကိုခံစားကြရကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ပုဂံ၊ ချောက်၊ ရေနံချောင်း၊ မင်းဘူးစသည့် ဒေသများသည်ကမ္ဘာတွင်အပူဆုံးဒေသအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း။

မိမိကိုယ်တိုင် ချောက်ဒေသသို့သွားရောက်စဉ်ကလည်း ရာသီဥတုပူပြင်းမှုကို ခံစားခဲ့ရကြောင်း၊ ရာသီဥတုပူပြင်းချိန်တွင် လူများ၏ နေထိုင်မှုဒုက္ခရောက်ကြရကြောင်း၊ ထို့ကြောင့် ရာသီဥတုပူပြင်းမှုကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်ရန်အတွက် သစ်ပင်စိုက်ပျိုးခြင်းသည် နည်းလမ်းတစ်ခုအနေဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ကမ္ဘာကြီးတွင် ရာသီဥတုများ ဖောက်ပြန်ပြောင်းလဲနေပြီး သဘာဝဘေးအန္တရာယ်မျိုးစုံကို ကြုံတွေ့နေရကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ တားဆီး၍ မရသော်လည်း လူများ၏ ကြိုတင်ကာကွယ်ဖန်တီးမှုများဖြင့် သက်သာလျော့ပါးအောင် ဆောင်ရွက်၍ရကြောင်း၊ ယခုမိမိတို့ **သစ်ပင်စိုက်ပျိုးခြင်းကြောင့် အပူချိန်မှာ ချက်ချင်းလက်ငင်းလျော့ပါးသွားမည်မဟုတ်လည်း သစ်ရိပ်ဝါးရိပ်များ၏ အရိပ်အာဝါသရှိမည် ဆိုပါက အပူဒဏ်ကို တတ်နိုင်သမျှ လျော့ပါးစေမည်ဖြစ်**ကြောင်း၊ **စိမ်းလန်းစိုပြည်သည့် မြင်ကွင်းများကို မြင်တွေ့ရခြင်းဖြင့် မျက်စိပသာဒကို ဖြစ်ပေါ်စေပြီး လူများ၏ စိတ်နှလုံးကိုလည်း အေးမြစေသည့် အကျိုးကျေးဇူးကို ရရှိစေ**ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်မှစ၍ နိုင်ငံတစ်ဝန်းသစ်ပင်စိုက်ပျိုးပွဲတော်များကို စဉ်ဆက်မပြတ်ဆောင်ရွက်ပြီး သစ်ပင်များ စိုက်ပျိုးလျက်ရှိသကဲ့သို့ တပ်မတော် အနေဖြင့်လည်း စဉ်ဆက်မပြတ် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် နိုင်ငံအတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ရပ်ပင်ဖြစ်ကြောင်း။

ယနေ့တွင် **အပူပိုင်းဒေသ(၁၃)ခရိုင်၌ ပျိုးပင်ပေါင်း ၃၄၉၅၀ အား စိုက်ပျိုးသွားမည်ဖြစ်**ကြောင်း၊ ယခုနေရာများသည် ယခင်တည်းက စိုက်ပျိုးခဲ့သည့်နေရာများဖြစ်ကြောင်း၊ သို့သော်ရှင်သန်မှုများ အားနည်းခြင်း၊ ဒေသလိုအပ်ချက်အရ သစ်ပင်များ တရားမဝင်ခုတ်ထွင်ခြင်းများကြောင့် ထိုက်သင့်သလောက် အကျိုးမရရှိခဲ့ကြောင်း၊ ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပခြင်းကြောင့် အချိန်၊ လူအင်အားနှင့် ငွေကြေးကုန်ကျမှုများရှိကြောင်း၊ ထို့ကြောင့် မိမိတို့စိုက်ပျိုးသည့်အပင်များ "တစ်ပင်စိုက်၊ တစ်ပင်ရှင်" ဖြစ်အောင် စနစ်တကျ စိုက်ပျိုးထိန်းသိမ်းသွားကြရန်လိုကြောင်း၊ မိမိတို့စိုက်ပျိုးသည့် အပင်များအားလုံး ရှင်သန်စေရန်အတွက် တာဝန်ရှိသူများက စနစ်တကျ ဆက်လက်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စေတနာထား၍ ဆောင်ရွက်သွားကြရန်လိုကြောင်း။

*စာမျက်နှာ ၄ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်အတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှု ဖြစ်ပေါ်ခဲ့သည့်အခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**❑ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ပြန်လည်ပြုပြင်နိုင်ရေး ခွင့်ပြုဆောင်ရွက်ပေးသွားမည်၊ တက္ကသိုလ်အဝင်လမ်းတစ်လျှောက် လမ်းအင်္ဂါရပ်နှင့် ပြည့်စုံမှုရှိစေရေးဆောင်ရွက်ပေးသွားရန်၊ သန့်ရှင်းသာယာလှပမှုရှိစေရေးနှင့် မျက်စိပသာဒဖြစ်စေရေးအတွက် သစ်ပင်သစ်ကိုင်းများအား အောက်ခြေရှင်းခြင်း၊ အလင်းဖွင့်ခြင်းများကို ဆောင်ရွက်ပေးသွားရန်လို၊ တက္ကသိုလ်အနေဖြင့် ဒေသ၏ အကျိုးစီးပွား ဖော်ဆောင်နိုင်ရေး လိုအပ်သည့်သုတေသနလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်**

*စာမျက်နှာ ၃ မှ*

မိမိတို့နိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုများ ကျဆင်းလာကြောင်း၊ ယခုအခါ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းခန့်သာ ကျန်ရှိတော့ကြောင်း၊ တစ်နိုင်ငံလုံး သစ်တောဖုံးလွှမ်းမှု ဧရိယာ ၅၀ ရာခိုင်နှုန်း ပြန်လည်ရရှိစေရေး သစ်ပင်စိုက်ပျိုးမှုများကို ကျင်းပပြုလုပ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါသစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို လက်ငင်းခံစား၍ မရနိုင်သော်လည်း နောင် ခုနစ်နှစ် ရှစ်နှစ်ခန့်တွင် ခံစားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း ယခင်က စိုက်ပျိုးထိန်းသိမ်းခဲ့မှုများကြောင့် သစ်ကြီးဝါးကြီးများ၏ အရိပ်အာဝါသကို ခံစားရခြင်းဖြစ်ကြောင်း၊ မိမိတို့၏ လာမည့် သားစဉ်မြေးဆက်ကိုလည်း ထိုသို့ခံစားရစေလိုသည့်စိတ်ဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။

သစ်တောသစ်ပင်များ ထိန်းသိမ်းဆောင်ရွက်ခြင်းသည် ကောင်းမွန်သည့် ဆောင်ရွက်ချက်ပင်ဖြစ်ကြောင်း၊ လမ်းဘေးဝဲယာတွင်လည်း သစ်ပင်များ စိုက်ပျိုးရန်လိုပြီး ခရီးသွားပြည်သူများအနေဖြင့် သစ်ပင်များ စိမ်းစိုနေမှုကိုကြည့်၍ မျက်စိပသာဒကို ရရှိပြီး စိတ်ချမ်းသာမှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ယနေ့သစ်ပင်စိုက်ပျိုးမှုများ ဆောင်ရွက်ခြင်းသည် နောင်လာနောက်သားများအတွက် ကောင်းမွန်သည့်ပတ်ဝန်းကျင်ခံစားနိုင်ရန်အတွက် အမွေခံကောင်းကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ အချိန်နှင့် ငွေကြေးအင်အား၊ လူအင်အားများကို အသုံးပြု၍ဆောင်ရွက်ချိန်တွင် နိုင်ငံအတွက် အကျိုးရှိအောင် ဆောင်ရွက်ခြင်းအားဖြင့် ကုသိုလ်ကောင်းမှုများဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယနေ့ကဲ့သို့ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲဆောင်ရွက်သကဲ့သို့ ဆက်လက်၍လည်း တိုင်းဒေသကြီးအလိုက်၊ ပြည်နယ်အလိုက်၊ ရပ်ကွက်ကျေးရွာများအလိုက် တစ်အိမ်လျှင်တစ်ပင် စိုက်မည်ဆိုပါက သစ်ပင်များ ရှင်သန်ဖြစ်ထွန်းပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ ပြုလုပ်သည့်အခမ်းအနားသည် မင်္ဂလာရှိသည့်အခမ်းအနားဖြစ်ပြီး အများကောင်းကျိုးအတွက် ဆောင်ရွက်ကြသူများဖြစ်သဖြင့် တူညီသောအကျိုးကို ခံစားကြရပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

### တမာပျိုးပင်အား ဦးဆောင်စိုက်ပျိုး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တမာပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင် စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ မိတ္ထီလာခရိုင် လိန်တောကြိုးပြင်ကာကွယ်တောနေရာ၌ပြုလုပ်သည့် ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်တွင် တမာ၊ စိန်ပန်း၊ ကုက္ကို၊ မယ်ဇယ်၊ ဒဟတ်၊ ရင်းမာ စသည့် သစ်မျိုး ခြောက်မျိုး၊ ပျိုးပင်ပေါင်း ၃၂၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့သည်။

### ယနေ့တွင် အပူပိုင်းဒေသ (၁၃)ခရိုင်၊ မြို့နယ်(၂၉)မြို့နယ်အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှု အသွင်ဖြင့် စုစုပေါင်းသစ်ပင် ၃၄၉၅၀ ကို စုပေါင်း စိုက်ပျိုးပေးနိုင်ခဲ့

အလားတူ ကျန်ရှိသည့် အပူပိုင်းဒေသ(၁၃)ခရိုင်အတွင်းရှိ မြို့နယ်များ၌လည်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ပင် ၇၅၀၊ မြင်းမူမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ပင် ဖ၀၀၊ မုံရွာခရိုင် မုံရွာမြို့နယ် မြို့သစ်ရပ်ကွက် အားသစ်လမ်းနေရာ၌ ပင် ၁၀၅၀၊ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ရွှေဘိုတက္ကသိုလ်၌ ပင် ၃၀၀၀၊ ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ကွန်ပျူတာတက္ကသိုလ်၌ ပင် ဖ၀၀ တို့ကိုလည်းကောင်း။

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေး-ကံပြားသွားလမ်းဘေးနေရာ၌ ပင်၂၇၀၀၊ ရေနံချောင်းမြို့နယ် မကွေး-ရေနံချောင်းလမ်းမိုင်တိုင် (၃၅၇/၅) အထူးစိမ်းလန်းစိုပြည်ရေးဇုန်၌ ပင် ၄၀၀၀၊ ချောက်မြို့နယ် ငွေးချို-ချောက်လမ်းဘေး၊ ဆင်ကကြိုးပြင်ကာကွယ်တောနေရာ၌ ပင် ၄၀၀၀၊ မြို့သစ်မြို့နယ် မကွေး-ကံပြားလမ်း မိုင်တိုင်(၃၆/၅)နေရာ၌ ပင် ဖ၀၀၊ တောင်တွင်းကြီးမြို့နယ် ဆတ်သွား-ဆင်ပေါင်ဝဲခရိုင်ချင်းဆက်လမ်းဘေး၌ ပင် ဖ၀၀၊ မင်းဘူးခရိုင် မင်းဘူးမြို့နယ် လေးပင်အိုင်မကြိုးပြင်ကာကွယ်တောအတွင်း၌ ပင် ၁၀၅၀၊ ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာပိုင်မြေနေရာ၌ ပင် ၃၀၀၊ ငဖဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ(မင်းလွင်)၌ ပင် ၃၀၀၊ စလင်းမြို့နယ် တည်ဘိုကန်ကြိုးပြင်ကာကွယ်တော၌ ပင် ၃၀၀၊ ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ပင် ဖ၀၀၊ ဆိပ်ဖြူမြို့နယ် ရွှေဟင်္သာဘုရားသွားလမ်းဘေး၌ ပင် ၃၀၀၊ သရက်ခရိုင် မင်းလှမြို့နယ် သရက်-မင်းလှ မိုင်တိုင်(၄၄/၃)နေရာ၌ ပင် ဖ၀၀၊ အောင်လံမြို့နယ် ဘွက်ကြီးရေပေါ်ကြိုးဝိုင်းအကွက်အမှတ်(ဖ၁)၌ ပင် ၉၀၀၊ ဆင်ပေါင်ဝဲမြို့နယ် အောင်လံ-တောင်တွင်းကြီး မိုင်တိုင် (၂၅၅/၂) တောပုန်းကြိုးပြင်ကာကွယ်တော၌ ပင် ဖ၀၀၊ ကံမမြို့နယ်၊ ပုသိမ်-မုံရွာ လမ်းဘေး မိုင်တိုင် (၁၅၁/၂ နှင့် ၁၅၁/၃) အကြားစီကျေးရွာနေရာ၌ ပင် ဖ၀၀ တို့ကိုလည်းကောင်း။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် အစိုးရနည်းပညာအထက်တန်းကျောင်း၌ ပင် ၁၂၀၀၊ စဥ့်ကိုင်မြို့နယ် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာအတတ်သင်ကောလိပ်(ဘယ်လင်း)၌ ပင် ဖ၀၀၊ မြင်းခြံခရိုင် မြင်းခြံမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ပင် ဖ၀၀၊ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်၌ ပင် ၃၀၀၀၊ ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပန်းတောင်း – ညောင်ဦးကားလမ်း မိုင်တိုင်အမှတ်(၄/၀)၌ ပင် ဖ၀၀၊ မိတ္ထီလာခရိုင် သာစည်မြို့နယ် မိတ္ထီလာ-တောင်ကြီးလမ်း မိုင်တိုင်(၁၈/၀)၌ ပင် ဖ၀၀၊ ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်(၃၁၄/၀)အနီး၌ ပင် ၁၂၀၀၊ ရမည်းသင်းမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်(၂၈၀/၀)အနီး၌ ပင် ၅၀၀ တို့ကိုလည်းကောင်း သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ယနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်စိုက်ပျိုးပေးသည့် မိတ္ထီလာခရိုင် လိန်တောကြိုးပြင်ကာကွယ်တောနေရာ၌ ကျင်းပပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်အပါအဝင် **အပူပိုင်းဒေသ (၁၃) ခရိုင်၊ မြို့နယ်(၂၉) မြို့နယ်အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် စုစုပေါင်းသစ်ပင် ၃၄၉၅၀ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့**သည်။

### မိတ္ထီလာစီးပွားရေးတက္ကသိုလ်

သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည်အဖွဲ့ဝင်များလိုက်ပါ၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ်သို့ရောက်ရှိကြရာ တက္ကသိုလ်ပါမောက္ခချုပ်က မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ် တက္ကသိုလ်ခြံစည်းရိုးအုတ်တံတိုင်းများ ပြိုကျပျက်စီးခဲ့မှု၊ ပင်မစာသင်ဆောင်ကြီးနှင့် တက္ကသိုလ်စာကြည့်တိုက်တို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ပြန်လည်ပြုပြင်နိုင်ရေး ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်အဝင်လမ်းတစ်လျှောက်လမ်းအင်္ဂါရပ်နှင့် ပြည့်စုံမှုရှိစေရေး ဆောင်ရွက်ပေးသွားရန်၊ သန့်ရှင်းသာယာလှပမှုရှိစေရေးနှင့် မျက်စိပသာဒဖြစ်စေရေးအတွက် သစ်ပင်သစ်ကိုင်းများအား အောက်ခြေရှင်းခြင်း၊ အလင်းဖွင့်ခြင်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ တက္ကသိုလ်အနေဖြင့် ဒေသ၏ အကျိုးစီးပွားဖော်ဆောင်နိုင်ရေး လိုအပ်သည့်သုတေသနလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပေးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ချည်ထည်များထုတ်လုပ်ရာတွင် အရေအတွက်ထက် အရည်အသွေးကိုပိုမိုဦးစားပေး၍ ဆောင်ရွက်သွားရန်နှင့် ပြည်တွင်းဘိလပ်မြေလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေး၊ သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့်ရောင်းချနိုင်ရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၁

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (မိတ္ထီလာ)နှင့် အမှတ်(၃) ဘိလပ်မြေစက်ရုံ (တန် ၁၂၀၀)တို့၏ ကုန်ထုတ်စွမ်းအား မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ)၌ ချည်များအဆင့်ဆင့်ထုတ်လုပ်နေမှု ကြည့်ရှုစစ်ဆေးစဉ်။

### တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ)

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)သို့ ရောက်ရှိကြရာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်စက်ရုံသို့ လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စက်ရုံတွင်ဌာနအလိုက် တပ်ဆင်ထားသောစက်များ၏ စွမ်းပကားများ၊ စက်ရုံမှ ချည်အမျိုးမျိုး၊ အထည်နှင့် ချုပ်ထည်အမျိုးမျိုးကို ထုတ်လုပ်နိုင်မှုအခြေအနေများ၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

### ပြည်တွင်းလိုအပ်ချက် ဖြည့်ဆည်းဆောင်ရွက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ချည်ထည်များထုတ်လုပ်ရာတွင် အရေအတွက်ထက် အရည်အသွေးကို ပိုမိုဦးစားပေး၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်းရှိ အထည်အလိပ်နှင့်ပတ်သက်သည့် အငယ်စား၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၌ လိုအပ်လျက်ရှိသော ချည်မျှင်နှင့် အထည်အလိပ်များကို လိုအပ်ချက်ပြည့်မီအောင်ထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေး ဆောင်ရွက်ရာတွင်လည်း အမှန်တကယ် သက်သာချောင်ချိမှုရရှိအောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

### အရည်အသွေး ဆက်လက်ထိန်းသိမ်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ခင်းကျင်းပြထားသော စက်ရုံမှထုတ်လုပ်ထားသည့် ယူနီဖောင်းပိတ်စများနှင့် ချည်ထည်များ၏ အရည်အသွေးများအား ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ချည်ထည်များ၏ အရည်အသွေးအား ဆက်လက်ထိန်းသိမ်းသွားရန်၊ ဈေးကွက်လိုအပ်ချက်အပေါ်မူတည်၍ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းရှိ ချည်ငင်အလုပ်ရုံ၊ ချည်ကျစ်အလုပ်ရုံများအတွင်းချည်များအဆင့်ဆင့် ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှတာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

### သတ်မှတ်စံနှုန်းအတိုင်း ပြည့်မီစွာထုတ်လုပ်

အဆိုပါ တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (မိတ္ထီလာ) အနေဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် လိုအပ်သည့် ဝတ်စုံများကို ချုပ်လုပ်ပေးလျက်ရှိသကဲ့သို့ ကျောင်းဝတ်စုံများ၊ အခြားနေ့စဉ်သုံးချည်ထည်ပစ္စည်းများကိုလည်း ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ဝတ်ရေးကို ပိုမိုအထောက်အကူပြုစေရန်နှင့် ပြည်တွင်းချည်ချောထုတ်လုပ်မှုများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိချိန်တွင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (မိတ္ထီလာ) အနေဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ၂/၈၀ ချည်ချောစက်ရုံခွဲကို ထပ်မံတိုးချဲ့တည်ဆောက်နိုင်ခဲ့ပြီး ပြည်တွင်းရှိ အထည်အလိပ်နှင့် ပတ်သက်သည့် စက်မှုလုပ်ငန်းများအတွက် လိုအပ်ချက်ရှိနေသည့် ချည်မျှင်နှင့်အထည်အလိပ်များကို အတိုင်းအတာတစ်ခုအထိ ထုတ်လုပ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် သတ်မှတ်ထားသည့် အရည်အသွေးစံနှုန်းများအတိုင်း ပြည့်မီစွာ ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရှိရသည်။

### အမှတ်(၃) ဘိလပ်မြေစက်ရုံ (တန် ၁၂၀၀)

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ်(၃) ဘိလပ်မြေစက်ရုံ(တန် ၁၂၀၀)သို့ရောက်ရှိကြရာ စက်ရုံအစည်းအဝေးခန်းမ၌ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညိုစောက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှတ်(၃) ဘိလပ်မြေစက်ရုံ(တန် ၁၂၀၀)သို့ ရောက်ရှိစစ်ဆေးခဲ့စဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ၏ ကုန်ထုတ်လုပ်နိုင်မှုစွမ်းအားများကိုလည်းကောင်း၊ စက်ရုံမှူးက စက်ရုံဆိုင်ရာအချက်အလက်များ၊ ဘဏ္ဍာရေးနှစ်အလိုက် ဘိလပ်မြေများ ထုတ်လုပ်ရောင်းချပေးနိုင်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်တွင်း ဘိလပ်မြေလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်ရန်၊ သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် ရောင်းချနိုင်ရေး ဆောင်ရွက်ပေးသွားရန်၊ ကုန်ထုတ်စွမ်းအားများ စက်စွမ်းအားအလိုက် စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

*စာမျက်နှာ ၆ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ်(၃) ဘိလပ်မြေစက်ရုံ(တန် ၁၂၀၀)၏ ထိန်းချုပ်ခန်းမှတစ်ဆင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၅ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဘိလပ်မြေစက်ရုံအတွင်း ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ချီးမြှင့်ငွေများပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှတာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၅)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးကျော်ထက်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဝတ်အထည်များပေးအပ်ပြီး ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီးမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌တွေ့ဆုံ၍ အသုံးအဆောင်ပစ္စည်းများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံဝင်းများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြိတ်တက္ကသိုလ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ရှင်းလင်းပြသခြင်းနှင့် သရုပ်ပြစမ်းသပ်မဲပေး

**မြိတ် ဇူလိုင် ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးကိုကိုလွင်၊ တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းမင်းလတ်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက် ၁၀ နာရီတွင် မြိတ်တက္ကသိုလ် ပုလဲသစ္စာခန်းမ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးကျင်းပသည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ရှင်းလင်းပြသခြင်း၊ သရုပ်ပြစမ်းသပ်မဲပေးခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်(တနင်္သာရီတိုင်းဒေသကြီးတာဝန်ခံ) ဦးကိုကိုလွင်က (MEVM)စက်များ ဖြန့်ဝေထိန်းသိမ်းထားရှိမှုများကို ပြောကြား၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင်က MEVM စက် အသုံးပြုရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက အမှာစကား ပြောကြားသည်။ ထို့နောက် တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများက ရွေးကောက်ပွဲနေ့တွင် ဆောင်ရွက်ရမည့် အစီအစဉ်များအတိုင်း မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်းကို သရုပ်ပြဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မြိတ်ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံးတွင် အီလက်ထရောနစ်စက်(MEVM)များ စမ်းသပ်စစ်ဆေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြပြီး မြို့နယ်စုပေါင်းရုံးခန်းမ၌ ဖွင့်လှစ်လျက်ရှိသော အီလက်ထရောနစ်မဲပေးစက်အသုံးပြုမှု နည်းပြဆရာဖြစ်သင်တန်းသို့ရောက်ရှိရာ သင်တန်းတွင် သင်တန်းသားများကို အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သင်ကြားလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(မြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၌ မိုးရာသီအားကစားပြိုင်ပွဲ တက်ရောက်ဆုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၁၁**

အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) မိုးရာသီအားကစားပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ဇူလိုင် ၈ ရက် ညနေပိုင်းကကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ရန်ကုန်မြို့ရှိ ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးကြသည်။

**ယှဉ်ပြိုင်ကစား**

ဗိုလ်လုပွဲတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)နှင့် ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်းတို့မှ ကျောင်းသားများ ပူးပေါင်းပါဝင်သော ညွှန့်ပေါင်း(က)အသင်းနှင့် အစိုးရနည်းပညာကောလိပ် (တောင်ဒဂုံ) နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ရွှေပြည်သာ)တို့မှ ကျောင်းသားများပူးပေါင်းပါဝင်သော ညွှန့်ပေါင်း(ခ)အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြပြီး တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ကြောင့် ပယ်နယ်တီအဆုံးအဖြတ် ကန်သွင်းယှဉ်ပြိုင်ကြရာ ညွှန့်ပေါင်း(က)အသင်းက ညွှန့်ပေါင်း(ခ)အသင်းကို ကိုးဂိုး-ရှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

**ဂုဏ်ပြုချီးမြှင့်**

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ ဒုတိယဝန်ကြီးနှင့် ကျောင်းအုပ်ကြီးများက ဆုရအသင်းသားများထံ ဆုတံဆိပ်များ၊ ဂုဏ်ပြုငွေသားဆုများနှင့် ဆုဖလားတို့ကို ဂုဏ်ပြုချီးမြှင့်ပြီး ဒုတိယဝန်ကြီးက ဆုရရှိသည့် ကျောင်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ကျောင်းသားများ၏ လိုအပ်ချက်တင်ပြမှုများကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



အဂတိပယ်ခွာ ပြည်သာယာ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**❖ မိမိတို့နိုင်ငံတော်အတွက် လိုအပ်မည့် ရေတိုရေရှည်စီမံကိန်းများတွင် အခြေခံအသုံးပြုနိုင်မည့် လူဦးရေကို သိရှိနိုင်ရန်၊ လူဦးရေပြောင်းလဲမှုဆိုင်ရာဖြစ်စဉ်များကို လေ့လာသုံးသပ်နိုင်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို လေ့လာဆန်းစစ်သုံးသပ်ရာတွင်လိုအပ်သည့် အချက်အလက်များရရှိရန် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကောက်ယူနိုင်ခဲ့၊ သန်းခေါင်စာရင်းကရရှိလာသည့် အချက်အလက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျက်မှောက်အခြေအနေများကို ပြသနေခြင်းဖြစ်၍ မှန်ကန်သည့်မူဝါဒများ၊ မဟာဗျူဟာများ၊ နည်းဗျူဟာများ ချမှတ်နိုင်ရန်နှင့် စီမံကိန်းများ ရေးဆွဲနိုင်ရန်လိုအပ်သည့် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ စာရင်းအင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်မည်**

❐ *ကျောဖုံးမှ*

လူဦးရေပြဿနာရပ်နှင့် လူမှုအဖွဲ့အစည်း၊ ဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင်တို့အပေါ် သက်ရောက်မှုများကို အသိပညာမြှင့်တင်ပေးရန်ရည်ရွယ်ပြီး အဖွဲ့ဝင်နိုင်ငံများက ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားများကို ၁၉၉၀ ပြည့်နှစ်ကတည်းက စတင်ကျင်းပလာခဲ့သည်မှာ ယခုအခါ (၃၆) နှစ်မြောက်ရှိပြီဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲလာမှုကို လေ့လာကြည့်မည်ဆိုပါက ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၅၁ ဒသမ ၄ သန်းကျော်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် လူဦးရေ ၅၆ ဒသမ ၂ သန်းခန့်ဖြစ်လာမည်ဟု ခန့်မှန်းခဲ့ကြကြောင်း၊ သို့သော် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ရှေ့ပြေးလူဦးရေစာရင်းအရ လက်ရှိလူဦးရေတွင် ၅၁ ဒသမ ၃ သန်း ကျော်သာရှိသည်ကို တွေ့ရှိရကြောင်း။

**ကလေးမွေးဖွားနှုန်း၊ သေဆုံးနှုန်းများကို ဆန်းစစ်လေ့လာရန်လိုအပ်**

ယခင် လူဦးရေတိုးနှုန်းများအရ လူဦးရေတိုးပွားလာရမည် ဖြစ်သော်လည်း ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအချက်အလက်များအရ (၁၀) နှစ်တာကာလအတွင်းတွင် လူဦးရေတိုးပွားလာခြင်းမရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူဦးရေတိုးနှုန်းကို တိုက်ရိုက်သက်ရောက်စေသည့် ကလေးမွေးဖွားနှုန်း၊ သေဆုံးနှုန်း၊ ပြည်ပရွှေ့ပြောင်းနှုန်းများကို ဆန်းစစ်လေ့လာရန်လိုအပ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းအရ အမျိုးသမီးတစ်ဦး ကလေးမွေးဖွားနှုန်းသည် ၄ ဒသမ ၇ ဦးရှိခဲ့သော်လည်း၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် ကလေး ၂ ဒသမ ၃ ဦးနှုန်းလောက်ထိကျဆင်းလာပြီး ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မိဘနှစ်ပါးနေရာကိုသာ ပြန်လည်အစားထိုးနိုင်မည့် ၂ ဒသမ ၁ ဦး နှုန်းအောက်ကို ကျဆင်းလာခဲ့သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံ၏ မွေးဖွားနှုန်းသည် အစဉ်တစိုက်ကျဆင်းလာသည်ဖြစ်၍ လက်ရှိတွင်လည်း ပိုမိုကျဆင်းလာခြင်းဖြစ်နိုင်ကြောင်း၊ မိခင်တစ်ဦး၏ ကလေးမွေးဖွားနှုန်းသည် ၂ ဦးအောက်ကို လျော့ကျလာပြီဆိုပါက မိမိတို့နိုင်ငံ၏ လူဦးရေသည် တဖြည်းဖြည်း သိသိသာသာ လျော့နည်းကျဆင်းလာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်ဝန်းကျင်တွင် ဖြစ်ပွားခဲ့သည့် ကိုဗစ် – ၁၉ ကပ်ရောဂါဆိုးနှင့် ၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များ၊ သဘာဝဘေးအန္တရာယ်များကြောင့် ကလေးမွေးဖွားနှုန်း၊ သေဆုံးနှုန်းများအပေါ် သက်ရောက်မှုများရှိခဲ့သလို အလုပ်အကိုင်အခွင့်အလမ်းများ လျော့ကျလာပြီး လူငယ်အများအပြားသည်လည်း ပြည်ပထွက်ခွာမှုများ ပိုမိုပြုလုပ်လာသည်ကို တွေ့ရကြောင်း။

ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် သက်ကြီးရွယ်အို လူဦးရေများပြားလာမှုနှင့်အတူ ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားပြီး လုပ်သားကဏ္ဍ လိုအပ်ချက်များ များလာခြင်းကြောင့် လုပ်သားအင်အားရွှေ့ပြောင်းမှုများ ရှိနေကြကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်လည်း လူဦးရေလျော့နည်းလာသည့်အပြင် လူ့စွမ်းအားအရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေး၊ ကုန်ထုတ်လုပ်မှုစွမ်းအင်မထိခိုက်စေရေးတို့အတွက် ရွှေ့ပြောင်းနေထိုင်လာမှုများကို သတိထားကိုင်တွယ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လူဦးရေပညာရှင်များ၏ ခန့်မှန်းတွက်ချက်မှုများအရ မကြာတော့မည့် အနာဂတ်ကာလတွင် မိမိတို့နိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေသည် ကလေးဦးရေထက် ပိုမိုများပြားလာတော့မည်ဖြစ်ကြောင်း၊ ထိုအချိန်တွင် တစ်သက်တာ ပညာသင်ယူမှုနှင့် ပြန်လည်လေ့ကျင့်သင်ကြားနိုင်မည့် အခွင့်အလမ်းများ၊ အသက်အရွယ်ပေါင်းစုံ အလုပ်လုပ်ကိုင်နိုင်သည့် လုပ်သားအင်အားစုများဖြစ်စေရန် ဖန်တီးပေးရန် လိုအပ်လာမည့်အခြေအနေဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် အသက်အရွယ်ကြီးရင့်လာသော်လည်း အလုပ်လုပ်ချင်စိတ် ရှိနေသေးသူများကို ပုဂ္ဂလိကအခန်းကဏ္ဍများတွင် အလုပ်လုပ်နိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ရေရှည်စီမံကိန်းများဖြင့် ယခုကတည်းက ကြိုတင်ပြင်ဆင်ထားရှိသင့်ပြီဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ လူဦးရေပြောင်းလဲမှုဖြစ်စဉ်များကို လေ့လာသုံးသပ်နိုင်ရန်နှင့် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာအချက်အလက်များရရှိနိုင်ရန်အတွက် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မဖြစ်မနေကောက်ယူရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

**မရှိမဖြစ်လိုအပ်သည့် အခြေခံအချက်အလက်များပင်ဖြစ်**

မိမိတို့နိုင်ငံတော်အတွက် လိုအပ်မည့် ရေတိုရေရှည်စီမံကိန်းများတွင် အခြေခံအသုံးပြုနိုင်မည့် လူဦးရေကို သိရှိနိုင်ရန်၊ လူဦးရေပြောင်းလဲမှုဆိုင်ရာဖြစ်စဉ်များကို လေ့လာသုံးသပ်နိုင်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို လေ့လာဆန်းစစ်သုံးသပ်ရာတွင်လိုအပ်သည့် အချက်အလက်များရရှိရန် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကောက်ယူနိုင်ခဲ့ကြောင်း၊ သန်းခေါင်စာရင်းက ရရှိလာသည့် အချက်အလက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျက်မှောက်အခြေအနေများကို ပြသနေခြင်းဖြစ်၍ မှန်ကန်သည့်မူဝါဒများ၊ မဟာဗျူဟာများ၊ နည်းဗျူဟာများ ချမှတ်နိုင်ရန်နှင့် စီမံကိန်းများ ရေးဆွဲနိုင်ရန်လိုအပ်သည့် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ စာရင်းအင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် သယံဇာတအရင်းအမြစ်များ ခွဲဝေရန်၊ ဘဏ္ဍာငွေခွဲဝေချထားရန်၊ လိုအပ်သည့်နေရာများတွင် စာသင်ကျောင်း၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများ၊ လမ်း၊ တံတား စသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးနိုင်ရန်၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အို စောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်စသည့် စီမံခန့်ခွဲမှုများ ဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်သည့် အခြေခံအချက်အလက်များပင်ဖြစ်ကြောင်း။

ထို့ကြောင့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းက အချက်အလက်များကို သေသေချာချာ ဆန်းစစ်လေ့လာရန်လိုအပ်ကြောင်း၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းတွင် မေးခွန်းပေါင်း(၆၈)ခု မေးမြန်းခဲ့ပြီး လူဦးရေဆိုင်ရာ အချက်အလက်များသာမက လူမှုစီးပွားဆိုင်ရာ အချက်အလက်များ၊ ပြည်တွင်းပြည်ပရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်များ၊ အိမ်နှင့် အိမ်ထောင်စုအကြောင်းအရာများကို ပြည့်ပြည့်စုံစုံ မေးမြန်းထားကြောင်း၊ အဆိုပါအချက်အလက်များကို အသေးစိတ်ဆန်းစစ်လေ့လာပြီး မိမိတို့နိုင်ငံ၏ မျက်မှောက်အခြေအနေကို ပြန်လည်သုံးသပ်ရန်လိုအပ်ကြောင်း၊ နိုင်ငံ၏ ပစ္စုပ္ပန်အခြေအနေကို ဖော်ပြနေသည့် သန်းခေါင်စာရင်းအချက်အလက်များကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အဓိကကိုင်တွယ်အသုံးပြုသွားရန် လိုအပ်ကြောင်း။

ထို့ပြင် မကြာမီ မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်တော့မည် ဖြစ်ကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံလိုအပ်သည့် မဲစာရင်းမှန်ကန်စေရေးကိုလည်း ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကရရှိသည့် လူဦးရေစာရင်းများက အဓိကအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် မကြာမီက ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် မြို့များ၏ ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအချက်အလက်များက လွန်စွာအသုံးဝင်မည်ကိုလည်း ပြောကြားလိုကြောင်း။

နှစ်စဉ်ကမ္ဘာ့လူဦးရေနေ့ရောက်တိုင်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်သတ်မှတ်၍ အခမ်းအနား၊ လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိကြကြောင်း၊ မိမိတို့ မြန်မာနိုင်ငံ၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်ကို မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေကို ထင်ဟပ်ပေါ်လွင်စေမည့် သန်းခေါင်စာရင်းအချက်အလက်များကို ထိထိရောက်ရောက်အသုံးပြုကြရန် ရည်ရွယ်ပြီး **"လူမှုစီးပွား ဖွံ့ဖြိုးဖို့၊ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့" "From Data to Development: Using Census for Socio–Economic Advance–ment"** ဟု သတ်မှတ်ထားကြောင်း။

**အသက်ပေးတာဝန်ထမ်းဆောင်ခဲ့သူများကို မှတ်တမ်းတင်ဂုဏ်ပြု**

ယင်းဆောင်ပုဒ်ကို သတ်မှတ်ထားရခြင်းမှာ သန်းခေါင်စာရင်း အချက်အလက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အလွန်ပင်အသုံးဝင်သည့်

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

အချက်အလက်များဖြစ်ကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းကို နိုင်ငံတကာအကူအညီမပါဘဲ မိမိတို့တွင်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များကို တစ်တပ်တစ်အားအသုံးချ၍ နိုင်ငံတော်ရန်ပုံငွေကျပ်သန်းပေါင်းများစွာ အကုန်အကျခံပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အချိန်များစွာ ကြိုတင်ပြင်ဆင်မှုနှင့်အတူ လူအင်အားများစွာအသုံးပြုပြီး စာရင်းကောက်ယူခဲ့ခြင်းဖြစ်ကြောင်း၊ စာရင်းကောက်ယူစဉ်ကာလအတွင်းတွင်လည်း အခက်အခဲပေါင်းများစွာကြုံတွေ့ခဲ့ရပြီး ယင်းလုပ်ငန်းများကို အသက်ပေးတာဝန်ထမ်းဆောင်ခဲ့သူများကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း။

ထိုသို့အခက်အခဲပေါင်းများစွာထဲက ငွေအင်အား၊ လူအင်အား အသုံးပြုပြီး အောင်မြင်အောင် ဆောင်ရွက်ခဲ့သည့် သန်းခေါင်စာရင်း၏ အချက်အလက်များကို မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ စာရင်းအင်းအချက်အလက် အသုံးပြုသူများအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိထိရောက်ရောက်အသုံးပြုနိုင်ရန် အလေးအနက်ထားတိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ ကမ္ဘာ့လူဦးရေနေ့ကစပြီး မြန်မာနိုင်ငံအတွင်းတွင်နေထိုင်ကြသည့် နိုင်ငံသူ နိုင်ငံသားများအားလုံး ကျန်းမာချမ်းသာစွာဖြင့် သဘာဝဘေးအန္တရာယ်အပေါင်းက လွတ်ကင်းကြပြီး အများကောင်းကျိုးကို သယ်ပိုးနိုင်ကြပါစေ၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များကို ကဏ္ဍအလိုက် ထိရောက်စွာ အသုံးပြုကြပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က "လူမှုစီးပွားဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့" ဆောင်ပုဒ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနား Animation Clip ကို ပြသသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခင်းကျင်းပြသထားသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်ပြခန်းများနှင့် စာအုပ်၊ စာစောင်များကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ထိန်းသိမ်းနိုင်စေရန်၊ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့် ရာသီဥတုကို လက်ဆင့်ကမ်းနိုင်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၏၂၀၂၅ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးဧရိယာအတွင်း၌ ကျင်းပသည်။



အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုးပြီး **(အပေါ်ယာပုံ)** ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်ပင်များ၊ နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များ စုစုပေါင်း သစ်ပင် ၂၈၀ ကို စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများနှင့် ပထမအကြိမ်စိုက်ပျိုးထားရှိသည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းရေးအတွက် ပြုစုပျိုးထောင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိတက္ကသိုလ်၊ ကောလိပ်၊ ရုံး၊ ကျောင်းများတွင်လည်း ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်တည်းကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များနှင့် သီးပင်စားပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန တစ်ခုလုံးအနေဖြင့် ယနေ့စိုက်ပျိုးခဲ့သည့် သစ်ပင်ပေါင်း ၇၀၇၁ ပင်နှင့် ပထမအကြိမ်စိုက်ပျိုးခဲ့သည့် သစ်ပင်ပေါင်း ၈၆၂၁ ပင် အပါအဝင် စုစုပေါင်း ၁၅၆၉၂ ပင်တို့ကို စိုက်ပျိုးခဲ့ပြီး ရှင်သန်အောင်မြင် ဖြစ်ထွန်းရေးအတွက် ထိန်းသိမ်းပြုစု ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် လျှော်ဘေးအလွန် တည်ဆောက်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ သုံးသပ်ဆွေးနွေးပွဲ ကျင်းပနိုင်ရေး အကြိုညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၁**

လျှော်ဘေးအလွန် တည်ဆောက်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ သုံးသပ်ဆွေးနွေးပွဲ (Technical Forum) ကျင်းပနိုင်ရေးအကြိုညှိနှိုင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ခရေပင်လမ်းရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယက ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် နာယကကြီးများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၊ အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံ စီမံကိန်းများကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ လျှော်ကော်မတီတို့မှ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ သံနှင့် သံမဏိ ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ် (MLCA)၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ် (MCEF) နှင့် မြန်မာမြို့ပြနှင့်အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များ အသင်း(MDA) တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက ပြည်ထောင်စုဝန်ကြီးက လျှော်ဘေးအလွန် လာမည့် အနာဂတ်ကာလတွင် လျှော်ဒဏ်ခံနိုင်သည့် အဆောက်အအုံဒီဇိုင်းများဖြင့် တည်ဆောက်သွားရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တည်ဆောက်ရေး လုပ်ငန်းများတွင် စနစ်တကျ ဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍရှိ လုပ်ငန်းရှင်၊ ကန်ထရိုက်တာ၊ အင်ဂျင်နီယာ၊ တွက်ချက်ပုံစံထုတ်သူ(Designer)၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း ထုတ်လုပ်သူ၊ တင်သွင်းရောင်းချသူ အစရှိသည့် ကဏ္ဍအသီးသီးတွင် ပါဝင်ဆောင်ရွက်လျက်ရှိသူ (Stake-holder) များအနေဖြင့် "မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ-၂၀၂၅ (MNBC-2025)"ကို မဖြစ်မနေ လိုက်နာဆောင်ရွက်ရန် လိုပါကြောင်း။

"အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ" မှ ဦးဆောင်၍ ဌာနအသီးသီးနှင့် အသင်းအဖွဲ့များ၊ ကုမ္ပဏီများအား ပညာရှင်များက မြေပြင်တွင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသော ကြီးကြပ်သူ တာဝန်ခံများနှင့် ကန်ထရိုက်တာများ ပြုပြင်ရေးနည်းစနစ်များကို သိရှိနားလည်စေရန်နှင့် လုပ်ငန်းခွင်တွင် စနစ်တကျပြန်လည်အသုံးချနိုင်ရန် နေပြည်တော်တွင် ၂၀၂၅ခုနှစ် ဇွန် ၁၂ ရက်က နည်းပညာဆွေးနွေးပွဲကို (Know-ledge Sharing) ကျင်းပနိုင်ခဲ့ပါကြောင်း။

ယနေ့ အစည်းအဝေးသည် လျှော်ဘေးအလွန် တည်ဆောက်ရေး လုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ သုံးသပ်ဆွေးနွေးပွဲ (Technical Forum) အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် အကြိုညှိနှိုင်းဆွေးနွေးခြင်းဖြစ်၍ အစည်းအဝေးသို့ တက်ရောက်လာသူများအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကများ၊ ကျွမ်းကျင်ပညာရှင်များဖြစ်ကြသည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း ဥက္ကဋ္ဌ၊ အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံ စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ လျှော်ကော်မတီတို့မှ ဥက္ကဋ္ဌတို့က မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် လျှော်ကြောင့် နိုင်ငံတကာ စံသတ်မှတ်ချက်များကို အခြေခံ၍ ပညာရှင်များနှင့် ပူးပေါင်းပြီး လျှော်၏ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ လျှော်ဘေးအလွန် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လျှော်ဒဏ်ခံနိုင်ရည်ရှိသည့် အဆောက်အအုံများတွင် အသုံးပြုမည့် နည်းပညာဆိုင်ရာကိစ္စရပ်များ၊ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် ဝန်ကြီးဌာနများ / အသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ပညာရှင်များက လျှော်ဘေးအလွန် တည်ဆောက်ရေး လုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ သုံးသပ်ဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့၏ အခန်းကဏ္ဍမှ ပါဝင်ပူးပေါင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

**တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးသို့ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာ ရင်ရင်နွယ်နှင့် ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ရှေ့ပြေးစီမံချက်အနေဖြင့် ဆောင်ရွက်သွားမည့် နေပြည်တော် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာအုပ်စုမှ ရေဘေးသင့်ကျေးရွာဖြစ်သည့် ညောင်ပင်သာနှင့် မကျီးပင်ကျေးရွာများတွင် လူမှုအဖွဲ့အစည်းပေါင်းစုံ ပါဝင်သည့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံချက် ဖော်ဆောင်ရေးအတွက် ဦးတည်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

စီမံချက် ရွာနှစ်ရွာ၏ လူမှုစီးပွားရေးအခြေအနေကိုသုံးသပ်ပြီး လိုအပ်ချက်များနှင့် လုပ်ဆောင်ဖြည့်ဆည်းပေးရမည့် နည်းလမ်းလုပ်ငန်းများကို ရှာဖွေဖော်ထုတ်ပြီး စီမံချက်ရေးဆွဲသွားရမည်ဖြစ်သည့်အတွက် လက်တွေ့ဖြစ်နိုင်ခြေဆန်းစစ်ချက်များ ဖော်ထုတ်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါဆန်းစစ်ချက်များ ပေါင်းစပ်ပြီးနောက် လုပ်စရာရှိသည့် လုပ်ငန်းများကို ဆက်လုပ်ကြရမည်ဖြစ်ပြီး လုပ်ဆောင်ချက်များ၏ အောင်မြင်ပြီးစီးမှုကိုလည်း ကာလအလိုက် ပြန်လည်သုံးသပ်ဆန်းစစ်သွားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ ကော်မတီအနေဖြင့် အကြမ်းဖျင်းစီမံချက်အနေဖြင့် အပိုင်းနှစ်ပိုင်းခွဲပြီး ဆောင်ရွက်ရန် စဉ်းစားထားပါကြောင်း၊ ပထမအပိုင်းအနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုလျှော့ချရေးအတွက် အစီအမံများကို သက်ဆိုင်ရာဌာနများက ပေါင်းစပ်ညှိနှိုင်း လုပ်ဆောင်ပေးပြီး ဒေသခံပြည်သူများသိရှိအောင် ရပ်ရွာအခြေပြု အသိပညာပေးလုပ်ငန်းများ ပြုလုပ်သွားကြရမည်ဖြစ်ပါကြောင်း၊ ဒုတိယအပိုင်းဖြစ်သည့် လူမှုစီးပွားရေး ပြန်လည်ထူထောင်မှု အပိုင်းဖြစ်သည့် စီးပွားရေးအပိုင်းတွင် မိမိတို့ကော်မတီအနေဖြင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ စိုက်ပျိုးကုန်ထုတ်သမ/နှင့် MSME များ ထူထောင်ပေးခြင်း၊ အရင်းအနှီးအတွက် မြစိမ်းရောင်၊ VDF၊ မွေးမြူရေးအစုအဖွဲ့များကို တိုးချဲ့ဆောင်ရွက်ပေးခြင်း၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် Cash for Work အစီအစဉ်များ ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးသွားရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ပေါင်းစပ်၍ ရှေးဟောင်းသမိုင်းဝင် သားခိုတောင်ဒေသန္တရခရီးစဉ်ကို ညောင်ပင်သာအပန်းဖြေစခန်းနှင့် တွဲဖက်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းသွားရမည်ဖြစ်ပါကြောင်း။

ပြည်သူ့ဆက်ဆံရေး Public Relations နှင့်ပတ်သက်၍ မကျီးပင်၊ ညောင်ပင်သာတွင်ရှိသည့် Community Center ကို အခြေပြုပြီး ဘက်စုံစီမံကိန်းနှင့်ပတ်သက်၍ ဒေသခံလူထုကိုသတင်းအချက်အလက်မျှဝေခြင်း၊ အသိပညာပေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ယခုရှေ့ပြေးစီမံချက်မှသည် ကျန်သည့်တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် ဒေသအလိုက်အလားတူ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ တစ်နိုင်ငံလုံးက ပြည်သူများအတွက် နမူနာအဖြစ် သတင်းအချက်အလက်များ မျှဝေပေးနိုင်ရန်နှင့် မိမိတို့လုပ်ငန်းကော်မတီ၏ ပြည်သူ့အကျိုးပြုလုပ်ဆောင်ချက်များကို ပိုမိုသိရှိနားလည်ပြီး နိုင်ငံတော်အစိုးရအပေါ် ပိုမိုယုံကြည်အားကိုးလာနိုင်ရန်အတွက် မီဒီယာနည်းလမ်းများကတစ်ဆင့် ထုတ်လွှင့်ဖြန့်ချိသွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးအတွက် ရေတို၊ ရေရှည် စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် မီဒီယာကိုအသုံးချပြီး အရှေ့တစ်ခုကိုသွားနိုင်သည့် လုပ်ငန်းစဉ်များဖြစ်အောင် ဝန်ကြီးဌာနများကလည်း ပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။(**အပေါ်ပုံ**)

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမြင့်စိုးက တပ်ကုန်းမြို့နယ်ညောင်ပင်သာကျေးရွာနှင့် မကျီးပင်ကျေးရွာများ၏ ဒေသဆိုင်ရာအချက်အလက်များ၊ သဘာဝဘေးထိခိုက်ခဲ့မှု QIP Phase(I) အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်တက်ရောက်လာကြသူများက တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးအတွက် ဝန်ကြီးဌာနအလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး “ရင်သွေးရတနာ” နေ့ကလေးထိန်းကျောင်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး “ရင်သွေးရတနာ” နေ့ကလေးထိန်းကျောင်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ကော်မရှင်အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကော်မရှင်ရုံးမှ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့် အရာထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက ကော်မရှင်ရုံးတွင် နေ့ကလေးထိန်းကျောင်း ဖွင့်လှစ်ခြင်းဖြင့် ဝန်ထမ်းများ၏ ရင်သွေးငယ်များအား မိဘများမှ ရင်အုပ်မကွာ ပြုစုစောင့်ရှောက်မှုပေးနိုင်ပြီး စိတ်ချမ်းသာစွာ တာဝန်ထမ်းဆောင်နိုင်သည့် လုပ်ငန်းခွင်ကို ဖန်တီးပေးရန်ရည်ရွယ်ပါကြောင်း၊ ကလေးငယ်များကို အနီးကပ်ထိန်းကျောင်းပေးသည့် ဆရာမများကလည်း စေတနာအပြည့်ဖြင့် စနစ်တကျ ပြုစုစောင့်ရှောက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ကလေးများအားလုံး လက်လှမ်းမီရရှိစေရန် လူမှုဝန်ထမ်းဦးစီးဌာနကဖွင့်လှစ်သည့် မူလတန်းကြိုကျောင်းနှင့် နေ့ကလေးထိန်းကျောင်းများသာမက ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများကိုလည်း တည်ထောင်ခွင့်ပြုမိန့်များထုတ်ပေးပြီး နည်းပညာ၊ သင်ထောက်ကူပစ္စည်းများနှင့် ဆရာမလစာများကို ပံ့ပိုးပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က နေ့ကလေးထိန်းကျောင်းအတွက် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ၊ ကစားစရာအရုပ်၊ မုန့်များနှင့် ကော်မရှင်အမှတ်တံဆိပ်ပါ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး “ရင်သွေးရတနာ” နေ့ကလေးထိန်းကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ (**အပေါ်ဝဲပုံ**) နေ့ကလေးထိန်းကျောင်းကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့နှင့် 43 Coffee Factory ကော်ဖီဆိုင်

**ကျွန်တော်တို့မိသားစုသည် ၂၀၂၅ ခုနှစ် ဧပြီလကုန်မှ မေလဆန်းအထိ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ ( DANANG )သို့ အလည်အပတ်ခရီးထွက်ခဲ့ပါသည်။ ဒါနန်းမြို့ FIVITEL Hotel တွင် တည်းခိုကြပါသည်။ ဗီယက်နမ်နိုင်ငံသည် မြန်မာအပါအဝင် ဖွဲ့စည်းထားသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်ပါသည်။**

***ဒေါက်တာသန့်စင် (ရှုပဗေဒ)***

၂၀၂၃ ခုနှစ် ကမ္ဘာ့ဘဏ်စာရင်းအရ လူဦးရေ ၁၀၀ ဒသမ ၄ သန်းခန့် ရှိပါသည်။ စတုရန်းမိုင် ၁၂၈၀၀၀ ခန့် ကျယ်ဝန်းပါသည်။ မြို့တော်မှာ ဟန်နွိုင်းမြို့ (Hanoi)ဖြစ်ပြီး ဒါနန်းမြို့ (Danang)မှာ စည်ကားသောမြို့ ဖြစ်ပါသည်။ အသုံးပြုသော ငွေကြေးမှာ "ဒေါင်" (Dong) ဖြစ်ပြီး အမေရိကန် တစ်ဒေါ်လာသည် ဗီယက်နမ် ဒေါင် ၂၆၀၀၀ ခန့် ရှိပါသည်။

**ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည် တိုးတက်မှုနှုန်း အမြန်ဆုံးနိုင်ငံများတွင် ပါဝင်လာ**

ဒါနန်းမြို့သည် ဗီယက်နမ်နိုင်ငံအလယ်ပိုင်း၏ တောင်ဘက်ခြမ်းတွင် တည်ရှိသော အဓိကဆိပ်ကမ်းမြို့ ဖြစ်ပါသည်။ ဟန်မြစ်(Han)ပေါ်တွင် တည်ရှိပြီး နိုင်ငံခြားခရီးသွားများ လည်ပတ်ကြည့်ရှုနိုင်သည့် တောတောင်အလှအပများ၊ ကမ်းခြေများ၊ ဒေသထွက် အစားအစာများ၊ ရိုးရာပွဲတော်များ၊ နာမည်ကြီး ကော်ဖီမုန့်များထွက်ရှိရာ ဒေသဖြစ်ပါသည်။ နိုင်ငံတကာခရီးသွားများ နှစ်စဉ်လာရောက်ကြပါသည်။ ၁၉၈၆ ခုနှစ်တွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှစ၍ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည် တိုးတက်မှုနှုန်း အမြန်ဆုံးနိုင်ငံများတွင် ပါဝင်လာခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ယခင်က ပြင်သစ်နိုင်ငံ၏ ကိုလိုနီလက်အောက်ခံနိုင်ငံဖြစ်ခဲ့ပြီး ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် ပြင်သစ်ထံမှ လွတ်လပ်ရေးရခဲ့ပါသည်။ ထို့ကြောင့် ဒါနန်းမြို့တွင် ပြင်သစ်ကိုလိုနီအဖြစ် အုပ်ချုပ်ခဲ့စဉ်က တည်ဆောက်ခဲ့သည့် အဆောက်အအုံများကို တွေ့ရှိရပါသည်။ ဒါနန်းမြို့သည် နှစ်စဉ်မေလမှ ဩဂုတ်လအတွင်း အလည်အပတ်လာရောက်ရန် သင့်လျော်သည့်မြို့ ဖြစ်ပါသည်။



ဒါနန်းမြို့၏ နာမည်ကျော် ရွှေတံတား(Golden Bridge)

ဒါနန်းမြို့၏ နာမည်ကျော် ရွှေတံတား(Golden Bridge) ဟု တင်စားသည့် လက်ကြီးနှစ်ဖက်ပင့်ထားသော တံတားရှိရာ ဘာနားတောင်ပေါ်အပန်းဖြေစခန်း (Bana Hill) သို့ ရောက်ခဲ့ပါသည်။ ပြင်သစ်ခေတ်က အဆောက်အအုံပုံစံများ၊ ပန်းဥယျာဉ်များ၊ ဟိုတယ်များ၊ ကော်ဖီဆိုင်များဖြင့် စည်ကားပြီး တောင်ပေါ်တက်ရန် ကေဘယ်ကား (Cable car) ကို အချိန် မိနစ် ၃၀ ခန့် စီးရပြီး ကမ္ဘာပေါ်တွင် ခရီးအရှည်ဆုံးကေဘယ်ကားခရီးစဉ်တွင် ပါဝင်ပါသည်။ ကေဘယ်ကားစီးရင်း ကားပေါ်မှ တောင်များ၏ အလှအပ၊ ဟိုတယ်အဆောက်အအုံ၊ ပန်းဥယျာဉ်တို့ကို ကြည့်ရသည်မှာ ပျော်စရာကောင်းလှပါသည်။ တောင်ပေါ်တက်ရာတွင် ကေဘယ်ကားခအပါအဝင် ဝန်ဆောင်မှုအားလုံးအတွက် ဗီယက်နမ်ငွေကြေး VND ၇၀၀၀၀၀ (ခုနစ်သိန်း)ခန့် ပေးရပါသည်။

နိုင်ငံခြားငွေများစွာကို ခရီးသွားများထံမှ ရယူပေးသည့်နေရာ ဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံတွင် အလွန်လှပသော တောတောင်ရှုခင်းများ ရှိပါသည်။ ယခုကဲ့သို့ နိုင်ငံခြားသားများ စိတ်ဝင်စားလာအောင် ဆွဲဆောင်မှုရှိသည့် ကေဘယ်တောင်တက်ကားများ၊ ဟိုတယ်များ၊ ပန်းခြံများ၊ ရှေးဟောင်းပုံစံ အဆောက်အအုံများ၊ တံတားများတည်ဆောက်ပြီး တောင်ပေါ်အပန်းဖြေစခန်းများဖွင့်နိုင်ပါက နိုင်ငံခြားခရီးသွားဝင်ငွေရနိုင်သည့် အခွင့်အလမ်းများစွာ ရှိပါသည်။

**နဂါးပုံစံတံတားသည် ၆၆၆ မီတာခန့် ရှည်လျား**

ဒါနန်းမြို့ရောက်ပါက ဟန်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားသည့် နဂါးပုံစံတံတား (Dragon Bridge)သည် မကြာခဏ ကားဖြင့်ခရီးသွားရင်း ဖြတ်သန်းခဲ့ရပါသည်။ ထိုတံတားသည် ၆၆၆ မီတာခန့် ရှည်လျားပြီး တံတားဘေးပေါင်ပေါ်တွင် နဂါးတစ်ကောင်ပုံစံကို တည်ဆောက်ထားကာ ညအခါ LED မီးလုံးများဖြင့် အလွန်ကြည့်၍ လှပပါသည်။ ရုံးပိတ်ရက်များတွင် ညပိုင်း၌ နဂါး၏ ဦးခေါင်းမှ မီးလျှံမီးခိုးနှင့် ရေများမှုတ်ထုတ်ပေးသည့်ပုံစံ ဖော်ဆောင်ထားသောကြောင့် ညပိုင်းတွင် ထိုအလှအပကိုခံစားနိုင်ရန် တံတားအနီး ကော်ဖီဆိုင်၊ အအေးဆိုင်များတွင် ထိုင်ရင်း ကြည့်ရှုကြသူများဖြင့် စည်ကားလှပါသည်။

စကျင်ကျောက်တောင်များပေါ်တွင် ဘုရားကျောင်းဆောင်များ တည်ထားသည့် (Marble Mountains)မှာ (Hoa hia) အရပ်တွင်ရှိကာ တောင်ပေါ်သို့ ဓာတ်လှေကားနှင့်တက်ကြပြီး တောင်အောက်သို့ ရိုးရိုးလှေကားဖြင့် ဆင်းကြပါသည်။ ဗုဒ္ဓဘာသာရုပ်ပွားတော်၊ တရုတ်ဘုံကျောင်း၊ ကွမ်ရင်မယ်တော်ရုပ်တုနှင့် လိုဏ်ဂူများ၊ ရေတံခွန်များရှိပြီး စကျင်ကျောက်နှင့် ထုလုပ်ထားသည့် ဘုရားရုပ်တုများ ရောင်းဝယ်သည့်လုပ်ငန်းဖြင့် နာမည်ကြီးသော ဒေသဖြစ်ပါသည်။ ထိုနေရာတွင်လည်း နိုင်ငံခြားသားခရီးသွားများ အလည်လာလေ့ရှိပြီး တောင်ပေါ်ဓာတ်လှေကားတက်ခ VND ၃၀၀၀၀ ခန့် ပေးရပါသည်။

ကျွန်တော်တို့သည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ရှိ ပင်လယ်ကမ်းခြေသို့ အလည်သွားရောက်ခဲ့ကြပါသည်။ ဒါနန်းမြို့၏ ညဈေးသို့သွား၍ ဗီယက်နမ်နိုင်ငံထွက် ကော်ဖီမှုန့်များ၊ အဝတ်အထည်များ ဝယ်ယူကာ ပင်လယ်စာ ကျောက်ပုစွန်၊ ကဏန်း၊ ငါးမျိုးစုံတို့ကို သွားရောက်စားသောက်ခဲ့ကြပါသည်။ ဒါနန်းမြို့သည် နေ့အချိန်ထက် ညအချိန်တွင် ပို၍ စည်ကားပါသည်။

*စာမျက်နှာ ၁၁ သို့*

**ကျွန်တော်တို့နိုင်ငံတွင် အလွန်လှပသော တောတောင်ရှုခင်းများရှိပါသည်။ ယခုကဲ့သို့ နိုင်ငံခြားသားများ စိတ်ဝင်စားလာအောင် ဆွဲဆောင်မှုရှိသည့် ကေဘယ်တောင်တက်ကားများ၊ ဟိုတယ်များ၊ ပန်းခြံများ၊ ရှေးဟောင်းပုံစံအဆောက်အအုံများ၊ တံတားများတည်ဆောက်ပြီး တောင်ပေါ်အပန်းဖြေစခန်းများဖွင့်နိုင်ပါက နိုင်ငံခြားခရီးသွားဝင်ငွေရနိုင်သည့် အခွင့်အလမ်းများစွာရှိ**





*စာမျက်နှာ ၁၀ မှ*

ဗီယက်နမ်နိုင်ငံ၏ ကော်ဖီသည် နာမည်ကြီး ပါသည်။ (၂၇)ကြိမ်မြောက် အာရှနိုင်ငံတကာ ကော်ဖီ ညီလာခံ(Coffee Outlook) ကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပခဲ့ပါသည်။ နိုင်ငံတကာ ကော်ဖီအဖွဲ့(ICO)မှ ကိုယ်စားလှယ် ၁၅၀ ကျော် တက်ရောက်ခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ ကော်ဖီ စိုက်ပျိုးမှုသည် ဧရိယာဟက်တာ ၆၀၀၀၀၀ ကျော် ရှိပြီး ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ကော်ဖီအထွက်နှုန်း တန်ချိန် ၁ ဒသမ ၇ သန်းခန့်ရှိကြောင်း သိရပါ သည်။ ကော်ဖီစိုက်ခင်းဧက တစ်ဟက်တာလျှင် အမြတ်ငွေ ဗီယက်နမ်ဒေါင် သန်း ၂၀၀ ခန့် ရရှိ ကြောင်း သိရပါသည်။ ဗီယက်နမ်၏ နာမည်ကြီး ကော်ဖီမှုန့်ထုပ်များဖြစ်သော Vina cafe Good Morning Cafe၊ ကြောင်ရုပ်ကလေးပါသည့် GAO BANG Coffee၊ C 7 ကော်ဖီ၊ King Coffee မှုန့်ထုပ်များသည် နိုင်ငံတကာဈေးကွက်တွင် ရောင်းအားကောင်းပါသည်။ King Coffee Mix-AMERICANO၊ ESPRESSO၊ PURE Black Instant Coffee တစ်ထုပ်လျှင် အမေရိကန် ၁၆ ဒေါ်လာမှ ၂၅ ဒေါ်လာအထိ ဈေးအမျိုးမျိုး ရှိပါသည်။

ကျွန်တော်သည် ကော်ဖီကို နှစ်သက်စွာ သောက်သုံးသူဖြစ်သောကြောင့် ဒါနန်းမြို့၏ နာမည်ကျော် 43 Factory Coffee Roaster ဆိုင်သို့ သွား၍ ကော်ဖီသောက်ခဲ့ပါသည်။ ကမ္ဘာပေါ်ရှိ ကော်ဖီအကောင်းဆုံးနိုင်ငံများမှ ထွက်ရှိသည့် ကော်ဖီစေ့များကို လက်ငင်းအမှုန့်ကြိတ်စက် နှင့်ကြိတ်ကာ ကော်ဖီစစ်သည့် စက္ကူလေးဖြင့် အဆင့်ဆင့်ဖြတ်သန်းပြီးမှ ထွက်လာသောကော်ဖီ ကို သတ်မှတ်ထားသည့်အပူချိန်၊ သတ်မှတ်ထား သည့်ကော်ဖီနှင့် ရေနွေးပမာဏ အချိုးအစားတိကျ စွာ ဖျော်ထားသော ကော်ဖီတစ်ခွက်ရရန် မိနစ် ၃၀ ခန့် စောင့်ရပါသည်။

ကော်ဖီနှင့် မုန့်တို့ကို မြန်မာငွေကျပ် ၈၀၀၀၀ ပေးကာ စားသောက်ခဲ့ပါသည်။ ဆိုင်အတွင်းတွင် စားပွဲအသေးလေးများခင်းထားပြီး နိုင်ငံခြားသား များမှာ ကိုယ်ပိုင်လက်ပ်တော့ပ်(Laptop) ကွန်ပျူ တာ ကိုယ်စီနှင့် ကော်ဖီကို ဖိမ်ခံသောက်ကာ ဂိမ်း ကစားနေကြခြင်း၊ You Tube ကြည့်နေခြင်းတို့ကို ပြုလုပ်နေကြပါသည်။ ဆိုင်၏အပြင်ဘက်တွင် အုတ်ဖြင့်ပြုလုပ်ထားသော ရေကန်ငယ်လေးများ၏ အလယ်တွင် ကော်ဖီသောက်နိုင်ရန် ထိုင်ခုံလေးများ ပြုလုပ်ထားပါသည်။ အမျိုးသမီးနှင့် ကလေးငယ် လေးများက ရေကန်အတွင်းမှ အလှမွေးထား သည့် ငါးများကိုကြည့်ကာ ကော်ဖီနှင့်မုန့်များကို စားသောက်နေကြသည်ကို တွေ့ရပါသည်။ ဒါနန်းမြို့ သို့ တစ်နှစ်လျှင် ခရီးသွား ၁၀ သန်းခန့် လာရောက် ကြပြီး ဗီယက်နမ်ငွေ ဒေါင် ၃၁ ထရီလီယံခန့် ရရှိရန် မျှော်မှန်းထားကြောင်း သိရပါသည်။ ထိုခရီးသွား များမှ ယခု 43 Coffee Factory ဆိုင်သို့ လာရောက် သူ နှစ်စဉ် သိန်းဂဏန်းမျှ ရှိပါသည်။

နိုင်ငံတိုင်းသည် ပြည်ပခရီးသွားများထံမှ နှစ်စဉ် ဝင်ငွေများစွာရရှိရန် နည်းလမ်းမျိုးစုံနှင့် ကြိုးပမ်း နေကြပါသည်။ မိမိတို့နိုင်ငံ၏ တောတောင်ရေမြေ အလှအပ၊ တိုင်းရင်းသားရိုးရာအစားအသောက်၊ လှပသည့် ပင်လယ်ကမ်းခြေများ၊ အဆင့်မြင့် သန့်ရှင်းသပ်ရပ်သည့် ဟိုတယ်၊ တည်းခိုခန်းများ စသည်တို့ကို နိုင်ငံခြားသားများ လာရောက်လည်ပတ် နိုင်ရန် ဆွဲဆောင်မှုသည် အလွန်အရေးကြီးပါသည်။ ထို့အပြင် နိုင်ငံတကာမီဒီယာများသို့လည်း မိမိနိုင်ငံ ၏ အလှအပများဖြင့် ခရီးသွားများကို ဆွဲဆောင်ရန် ကြိုးပမ်းနေကြပါသည်။

ကျွန်တော်တို့နိုင်ငံသည် အလွန်လှပသည့် ရေမြေတောတောင်များ၊ ပင်လယ်ကမ်းခြေ အလှ အပများ၊ တိုင်းရင်းသားရိုးရာ အကအလှနှင့် အစား အသောက်များ၊ ခေတ်မီဟိုတယ်များနှင့်အတူ နိုင်ငံ တကာခရီးသွားများ လာရောက်လည်ပတ်နိုင်ရန် ဆွဲဆောင်ပြီး နိုင်ငံခြားဝင်ငွေရှာနိုင်ရန် ကြိုးစား ကြရမည် ဖြစ်ပါတော့သည်။ ။




❖ **ဒါနန်းမြို့သို့ တစ်နှစ်လျှင် ခရီးသွား ၁၀ သန်းခန့် လာရောက်ကြပြီး ဗီယက်နမ်ငွေ ဒေါင် ၃၁ ထရီလီယံခန့်ရရှိရန် မျှော်မှန်းထားကြောင်း သိရပါသည်။ ထိုခရီးသွားများမှ ယခု 43 Coffee Factory ဆိုင်သို့ လာရောက်သူ နှစ်စဉ်သိန်းဂဏန်းမျှရှိ**

## နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ နေအိမ်တစ်စိတ်တစ်ပိုင်းပျက်စီးသွားသော အိမ်ထောင်စုများအတွက် ကျပ်သိန်း ၂၆၆ သိန်းပေးအပ်

**နေပြည်တော် ဇူလိုင် ၁၁**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူး ကြီးရဲမိုးသည် တာဝန်ရှိသူများနှင့် အတူ ယနေ့မွန်းလွဲပိုင်းက ဇမ္ဗူသီရိမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေး ခန်းမ၌ မန္တလေးငလျင်ကြီး ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ နေအိမ် တစ်စိတ်တစ်ပိုင်း ပျက်စီးသွား သော အိမ်ထောင်စုများအတွက် ငွေကျပ် ၂၆၆ သိန်း ပေးအပ်ပွဲသို့ တက်ရောက်သည်။



ဦးစွာ ငလျင်ဘေးကြောင့် ထိခိုက် သေဆုံးသူများအတွက် ဝမ်းနည်းခြင်းအနေဖြင့် တစ်မိနစ် ခန့် ငြိမ်သက်ပြီး နေပြည်တော် ကောင်စီဝင်က အားပေးစကား ပြောကြားပြီး ငလျင်ဘေး ကြောင့် နေအိမ်တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသော ပြည်သူများ အတွက် ငွေကျပ် ၂၆၆ သိန်းကို ပေးအပ်သည်။

ယင်းနောက် နေပြည်တော် ကောင်စီဝင်နှင့် တာဝန်ရှိသူများ သည် လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဇမ္ဗူသီရိမြို့နယ်အတွင်း ငလျင် ဘေးကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသော အိမ်ထောင်စု ၅၃၂ စုအတွက် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ်ငါးသောင်းနှုန်း ဖြင့် စုစုပေါင်း ငွေကျပ် ၂၆၆ သိန်း ပေးအပ်နေမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။ **မျိုးသီဟ (ပြန်/ဆက်)**

## ကျောက်တန်းမြို့နယ်၌ ဆောင်ရွက်နေသည့် ကျေးလက်လမ်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကျောက်တန်း ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင် ရွက်သည့် မြိုင်သာယာကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို ဇူလိုင် ၁၀ရက်က ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာန(ရုံးချုပ်)နေပြည်တော်မှအင်ဂျင်နီယာချုပ်(တည်ဆောက် ရေး) ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံသည် ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)၊ ရန်ကုန်တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊ ဦးစီးအရာရှိ(မြို့ပြ)တို့နှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေး သည်။ **သန့်ဇင်ထွန်း(ကျောက်တန်း)**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## သန်လျင်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းများ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**သန်လျင် ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး သန်လျင် မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာ နှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် Royal Dynamics ကုမ္ပဏီမှ



ဆောင်ရွက်သည့် ဘုရားကုန်း ကျေးရွာအုပ်စု ကျိုက်အင်း ကျေးရွာလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေ အနေကို ဇူလိုင် ၁၀ ရက်က ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီး ဌာန(ရုံးချုပ်) နေပြည်တော်မှ အင်ဂျင်နီယာချုပ် (တည်ဆောက် ရေး) ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံသည် ညွှန်ကြားရေးမှူး (မြို့ပြ) ရန်ကုန်တိုင်းဒေသကြီး ဒုတိယ ညွှန်ကြားရေးမှူး၊ လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ)၊ မြို့နယ်တာဝန်ခံတို့နှင့် အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေး ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## မိုင်းယောင်းမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းတံတားများဖောက်လုပ်

**မိုင်းယောင်း ဇူလိုင် ၁၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ကျေးလက်ကုန်ထုတ်လမ်း/ တံတားများ ဖောက်လုပ်ရန် Feasibility Survey တိုင်းတာခြင်း လုပ်ငန်းများကို ယမန်နေ့နံနက် ပိုင်းက မြို့နယ်ဦးစီးမှူး ဒေါ်အေး အေးဝင်းနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ဝမ်လျှဲန့်ကျေးရွာ တွင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ကုန်ထုတ် တံတားများ တည်ဆောက်နိုင်ရေး



မြေပြင် အခြေအနေများနှင့် Feasibility Survey (FS) တိုင်းတာ ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေး သည်။

ဝမ်လျှဲန့်ကျေးရွာ၌ အဆိုပါ ကျေးလက် ကုန်ထုတ်လမ်း/ တံတား ဖောက်လုပ်ခြင်းလုပ်ငန်း များကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တွင် ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေများဖြင့် လျာထား အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်သည်။ **မောင်ခိုင်**

# အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များကျင်းပ



## မင်းဘူး

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ပြည်သူလူထုလှုပ်ရှားမှုအသွင်ဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက မင်းဘူး-အမ်းကားလမ်း မိုင်တိုင်အမှတ် ၁၁/၂ မိုင်ရှိ တဲကုန်းကျေးရွာအနီး လေးပင်-အိုင်းမ ကြိုးပြင်ကာကွယ်တောအတွင်း၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ဇော်ဇော်ထွန်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လတ်စိုး၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေးနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် အဓိကရည်ရွယ်ပြီး အပူပိုင်းဒေသ ၁၃ ခရိုင်အား ပြည်သူလူထု လှုပ်ရှားမှုအသွင်ဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်များကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ယနေ့တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ နေရာပေါင်း ၁၅ နေရာ၌ ပျိုးပင်ပေါင်း ၁၇၄၅၀ ကို တစ်ပြိုင်တည်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



## ရမည်းသင်း

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ရွှေဒါးကျေးရွာ အစိုးရစက်မှုလက်မှုသိပ္ပံ(ရမည်းသင်း) ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့် ဥပဒေချုပ် ဦးမြင့်အောင်၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ရမည်းသင်း) မှ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများ၊ ရွှေဒါးအထကကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက သတ်မှတ်ထားသည့်နေရာများတွင် ပျိုးပင်များအား တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကာ တိုင်းဒေသကြီး ဝန်ကြီးနှင့် တာဝန်ရှိသူများက သစ်ပင်ပျိုးပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ပိတောက်၊ စိန်ပန်း၊ မဲဇလီ၊ ရင်းမာ၊ သပြေဘူတ စသည့်အပင် ၅၀၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။

**သန္တာလင်း(ပြန်/ဆက်)**

## ကျောက်ဆည်

မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနွမ်သည် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက အစိုးရနည်းပညာအထက်တန်းကျောင်း ရှမ်းရွာကြီးကျေးရွာ၌ ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဘကောင်း၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်တိုးမြင့်ကျော်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်စိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်နှင့်



မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုပေါင်း၍ တမာ၊ ပိတောက်၊ သဘော်ကုက္ကိုနှင့် မဲဇလီပင် စသည့်ပျိုးပင်ပေါင်း ၁၂၀၀ စိုက်ပျိုးခဲ့ပြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

**သက်မောင်**


## စစ်ကိုင်း

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၌ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၁၁ ရက်က စစ်ကိုင်းပညာရေးတက္ကသိုလ်ဝင်းအတွင်း၌ ပြုလုပ်သည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက အမှာစကားပြောကြားပြီး စစ်ကိုင်းပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ဒေါ်အေးသက်သက်ဝင်းထံ စိုက်ပျိုးမည့်ပျိုးပင်ကို ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထက်အောင်ထံ လည်းကောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်က ကြက်ခြေနီအသင်း တာဝန်ရှိသူတစ်ဦးထံ လည်းကောင်း၊ စစ်ကိုင်းတပ်နယ်မှူးက ဒေသခံပြည်သူတစ်ဦးထံလည်းကောင်း စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်ကြသည်။

အဆိုပါမိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း ၁၀၀၊ ပိတောက် ၁၀၀၊ တမာ ၁၅၀၊ မယ်ဇယ် ၂၈၀၊ တည်ပင် ၇၀၊ စိမ်းပန်းပြာ ၅၀ စုစုပေါင်း ၇၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**



## ဆင်ပေါင်ဝဲ

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်တွင် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ဆင်ပေါင်ဝဲမြို့နယ် အောင်လံ-တောင်တွင်းကြီးလမ်း မိုင်တိုင်အမှတ်(၂၅၅/၂)



အနီးရှိ တောပုန်းကြိုးပြင်ကာကွယ်တော အကွက်အမှတ်(၄)၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မျိုးကျော်အောင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူး သိန်းဇော်ဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်၍ တမာ၊ မဲဇလီ၊ မြန်မာရှား စသည့်ပျိုးပင် ၆၀၀ ကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်စေရန် တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



## သာစည်

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် မိုးရာသီ လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက်က မိတ္ထီလာ-တောင်ကြီးကားလမ်းဘေး မိုင်တိုင် ၁၇/၆ မှ ၁၈/၀ အထိ ကျင်းပကြောင်း သိရသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များက ပျိုးပင်များကို ဌာနဆိုင်ရာများနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းထံ လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်စိုးက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ထံလည်းကောင်း ပေးအပ်သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရနှစ်ရှည်ပင်များဖြစ်သည့် ပိတောက် ၁၅၀၊ ကုက္ကို ၁၅၀၊ မဲဇလီ ၁၅၀နှင့် တမာ ၁၅၀ စုစုပေါင်း အပင် ၆၀၀ တို့ကို စိုက်ပျိုးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကံမ

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ကံမမြို့နယ် စီကျေးရွာအုပ်စု ပုသိမ်-မုံရွာလမ်းဘေး မိုင်တိုင်အမှတ်(၁၅၁/၂)နှင့်(၁၅၁/၃)အနီး မြေကွက်လပ်၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးညီညီသွင်၊ သရက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးနှင့်အဖွဲ့ဝင်များ၊ ကံမမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မင်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက ကျွန်းပင် ၃၀၀ နှင့် ပျဉ်းကတိုး ၃၀၀ စုစုပေါင်းပျိုးပင် ၆၀၀ တို့ကို တပျော်တပါး စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များကျင်းပ

## အောင်လံ

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ အပူပိုင်းဒေသစိမ်းလန်းစိုပြည်စေရေးအတွက် လူထုလှုပ်ရှားမှုအသွင်ဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက အောင်လံမြို့ ဘွတ်ကြီး (ရေပေါ်) ကြိုးဝိုင်းအတွင်း မွေးမြူရေးဇုန်ရှေ့၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေနှင့်အဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးဌာနမှူး ဦးထွန်းညွန့်တင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်နှင့် ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းဆရာ ဆရာမများနှင့် ဒေသခံပြည်သူများ တက်ရောက်၍ မြန်မာကုက္ကို ၂၀၀၊ ဖျောက်ဆိပ် ၂၀၀၊ တမာ ၂၀၀၊ ပိတောက် ၂၀၀ နှင့် စိန်ပန်း ၁၀၀ စုစုပေါင်း ပျိုးပင် ၉၀၀ ကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်စေရန် တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**အာကာ(ပြန်/ဆက်)**



## စဉ့်ကိုင်

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် သစ်တောဦးစီးဌာနနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို စဉ့်ကိုင်မြို့နယ် ရှမ်းကန်ကျေးရွာအုပ်စု ရှမ်းကန်ကျေးရွာရှိ နည်းပညာ၊ သက်မွေးပညာနှင့် ဆရာအတတ်သင်ကောလိပ် (ဘယ်လင်း) ကျောင်းဝင်းအတွင်း၌ ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် စဉ့်ကိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးပြည့်ဖြိုးအောင်၊ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဆန်းတို့က နည်းပညာ၊ သက်မွေးပညာနှင့် ဆရာအတတ်သင်ကောလိပ် (ဘယ်လင်း)မှ ကျောင်းအုပ်ကြီး ဒေါက်တာသန်းဇော်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ပြည်သူများအား ပျိုးပင်များ ပေးအပ်ပြီး တက်ရောက်လာကြသူများက သက်တမ်းနှစ်နှစ်၊ အမြင့် နှစ်ပေခန့်ရှိ ကုက္ကို ၂၀၀၊ တမာ ၁၉၇ ပင်၊ ခရေ သုံးပင်၊ စိန်ပန်း ၂၀၀ စုစုပေါင်း ပျိုးပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **ကျော်စွာ(စဉ့်ကိုင်)**



## မြို့သစ်

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်စေရေးအတွက် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ စာသင်ကျောင်းဝင်း၌ ပြုလုပ်သည်။



အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး သိန်းလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်၍ ပဲချယ်ရီ ၂၀၀၊ တမာ ၂၀၀၊ စိန်ပန်း ၂၀၀ စုစုပေါင်း ပျိုးပင်ပေါင်း ၆၀၀ ကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်စေရန် တပျော်တပါး စိုက်ပျိုးကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## ချောက်

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ အပူပိုင်းဒေသစိမ်းလန်းစိုပြည်စေရေးအတွက် လူထုလှုပ်ရှားမှုအသွင်ဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ဆင်ကကျေးရွာ ချောက်-ငွေးချိုလမ်းဘေး ဆင်ကကြိုးပြင်ကာကွယ်တော၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်းက အမှာစကားပြောကြားပြီး စိုက်ပျိုးမည့် ပျိုးပင်များကို ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများထံ ပေးအပ်သည်။



အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မြတ်ကြည်မင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကာ ဖျောက်ဆိပ်၊ တမာ၊ ပဲချယ်ရီ၊ ပိတောက်စသည့်ပျိုးပင် ၄၀၀၀ ကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်စေရန် တပျော်တပါးစုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဘို

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုတက္ကသိုလ်၌ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းတင်ထွေး၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး သန့်ဇော်လင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်၊ ရွှေဘိုတက္ကသိုလ်ပါမောက္ခချုပ်ဆရာမကြီး



ဒေါက်တာ မျိုးမျိုးတို့က ရွှေဘိုတက္ကသိုလ် ကျောင်းသားကိုယ်စားလှယ်များ၊ သူနာပြုသင်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများ၊ စည်ပင်သာယာရေးအဖွဲ့မှ တာဝန် ရှိသူများ၊ ခရိုင်မီးသတ်၊ ခရိုင်အမျိုးသမီးရေးရာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူ ကိုယ်စားလှယ်များထံ ပျိုးပင်များ ပေးအပ်သည်။

ထို့နောက် ယူကလစ်၊ ပိတောက်၊ မယ်ဇယ်၊ သပြေဘူတ၊ ခရေ၊ ရေတမာ၊ ဆီးသပြေ၊ ဖျောက်ဆိပ်၊ မဲဇလီနှင့် တမာ စုစုပေါင်းပျိုးပင် ၃၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## စေတုတ္တရာ

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်စေရေးအတွက် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက စေတုတ္တရာမြို့နယ် မုန်းတမံ ၄ မိုင် လမ်းခွဲမှ ၂ မိုင် ၃ ဖာလုံအနီး မြေကွက်လပ်၌ ပြုလုပ်သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟိန်းထက်အောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်၍ ကျွန်း၊ မဲဇလီ စသည့်ပျိုးပင် ၆၀၀ ကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်စေရန် တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



## စလင်း

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကြို့ဝန်းကျေးရွာအုပ်စု တည်ဘိုကန်ကျေးရွာ တည်ဘိုကန်ကြိုးပြင်ကာကွယ်တောအတွင်း သစ်တောမြေ တစ်ဧက၌ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဇေယျာကျော်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းသီဟဇော်တို့က မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက စိုက်ပျိုးမည့်ပျိုးပင်များအား ပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူ ၂၇၇ ဦးတို့က စုပေါင်း၍ မဲဇလီ ၂၀၀၊ တမာ ၁၀၀ စုစုပေါင်းပျိုးပင် ၃၀၀ ကို တပျော်တပါးစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

# မုံရွာမြို့၌ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မုံရွာ ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိမ်းလန်းစိုပြည်စေရေး၊ သာယာလှပရေး၊ ရာသီဥတုပြုပြင်ပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ လျော့ပါးစေရေး၊ မိုးခေါင်ရေရှားပါးမှုနှင့် အပူဒဏ်ကာကွယ်ရေး၊ သစ်တောဖုံးလွှမ်းမှု တိုးတက်စေရေးတို့အတွက် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ မြို့သစ်ရပ်ကွက် ဗိုလ်ချုပ်လမ်းမှ ပြည်ထောင်စုလမ်း လမ်းဘေးဝဲယာ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးနှင့် တိုင်းမှူးတို့က သတ်မှတ်နေရာများ၌ စိန်ပန်းကြီးပင်ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာသူများက သတ်မှတ်နေရာများ၌ နှစ်ပေနှင့်အထက် ၂ နှစ်သားအရွယ်ရှိ သစ်မျိုး ရှစ်မျိုး၊ ပျိုးပင်ပေါင်း ၁၀၅၀ ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးပေးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

တိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ရွှေဘိုမြို့နယ်နှင့် ယင်းမာပင်မြို့နယ်တို့တွင်လည်း စုစုပေါင်းအရိပ်ရပျိုးပင် ၄၉၅၀ ကို စိုက်ပျိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**






မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် ရေနံချောင်းမြို့နယ် မကွေး-ရေနံချောင်းလမ်း(၃၅၇/၅) မိုင်တိုင်ရှိ Greening complex ၌ ဇူလိုင် ၁၁ ရက်က ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတော်တွင် တမာပင် စိုက်ပျိုးပေးစဉ်။ သတင်းစဉ်

# မကွေးမြို့နယ်၌ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မကွေး ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်စေရေးအတွက် လူထုလှုပ်ရှားမှု အသွင်ဖြင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီက မကွေးမြို့နယ် မကွေး- နေပြည်တော်ကားလမ်း ကျစ်ဆုံပွေး ကျေးရွာအနီး လမ်းဘေးဝဲယာမြေကွက်လပ်၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က အမှာစကားပြောကြားသည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်ချုပ် သိန်းထွန်းဦး၊ မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးနိုင်မျိုးဟန်တို့က စိုက်ပျိုးမည့်ပျိုးပင်များကို တာဝန်ရှိသူများထံ ပေးအပ်၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ပြည်သူလူထုလှုပ်ရှားမှုအသွင်ဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲတော်အဖြစ် တမာ၊ ဖျောက်ဆိတ်၊ သဘော်ကုက္ကို၊ ယူကလစ်၊ ပန်းမဲဇလီ စသည့်ပျိုးပင် ၂၇၀၀ ကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်စေရန် စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**





ပျော်ဘွယ်မြို့နယ်၌ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ်မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် ဇူလိုင် ၁၁ ရက်က သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပရာ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဆင့်၊ ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဇော်မျိုးထက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာစိုးနှင့် ဌာနဆိုင်ရာများ စုပေါင်းစိုက်ပျိုးစဉ်။

မင်းမင်းထွေး(ပျော်ဘွယ်)



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မြင်းခြံတက္ကသိုလ်၌ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက်က ကျင်းပရာ ဗိုလ်မှူးချုပ် ဖြိုးဝေမြင့်နှင့် ဌာနဆိုင်ရာများ စုပေါင်းစိုက်ပျိုးစဉ်။ ကျော်စွာ(မြင်းခြံ)

# ကလောမြို့နယ်၌ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်နှင့် သဘာဝမြေဩဇာပြုလုပ်နည်း သင်တန်းပို့ချ

**ကလော ဇူလိုင် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ် လမိုင်းကျေးရွာအုပ်စု ဖောဓိကုန်းကျေးရွာ၌ ယနေ့နံနက်ပိုင်းက ရတနာပျိုမေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက်နှင့် ရန်ကုန်တိုင်းဒေသကြီး မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းစုတို့ ပူးပေါင်းဆောင်ရွက်သည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ်သစ်ပင်စိုက်ပွဲတော်နှင့်သဘာဝမြေဩဇာပြုလုပ်နည်း သင်တန်းပို့ချခြင်း ပြုလုပ်ခဲ့သည်။

အဆိုပါ သစ်ပင်များ စိုက်ပျိုးရာတွင် ကလောမြို့နယ် သမဝါယမဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရတနာပျိုမေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်း၊ မြန်မာအမျိုးသမီးများ သမဝါယမအသင်းစုနှင့် ကျေးရွာနေ ရပ်မိရပ်ဖနှင့်သင်တန်းတက်ရောက်သူ စုစုပေါင်း ၅၃ ဦးတို့က ဖောဓိကုန်းကျေးရွာရှိ (ဦးသန်းအောင် အမည်ပေါက်) ရတနာပျိုမေ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက်၏ ခြံတွင် ထောပတ်၊ စိန်ပန်း၊ သရက်၊ ပျားလိမ္မော်၊ သံပရာ၊ ချယ်ရီပင် စသည့် အပင်စုစုပေါင်း ၁၀၀ ကို စိုက်ပျိုးကြပြီး ကျေးရွာနေ တောင်သူများအား ရတနာပျိုမေ အသင်းအဖွဲ့မှ သင်တန်းဆရာတစ်ဦးက သဘာဝမြေဩဇာ ပြုလုပ်နည်းသင်တန်းကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။



**မြို့နယ်(ပြန်/ဆက်)**



ငဖဲမြို့နယ်၌ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး မိုးရာသီလူထုလှုပ်ရှားမှု အသွင်ဖြင့် စုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက်က ကျင်းပရာ မင်းဘူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ကြည်မင်းဟန်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပျိုးပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးစဉ်။ မယု(ငဖဲ)

# ပဲခူးတိုင်းဒေသကြီးရှိ တမံထိခိုက်မှုမရှိစေရေးအတွက် စောင့်ကြည့်စစ်ဆေးထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၁**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးရှိ ဝါးကတုတ်ရေလှောင်တမံအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေအလေအလွင့်မရှိ ဖြန့်ဝေနိုင်ရေး၊ တမံဘေးကင်းလုံခြုံရေးနှင့် မမျှော်မှန်းနိုင်သော သဘာဝဘေးများကြောင့် တမံထိခိုက်မှုမရှိစေရေးအတွက် စောင့်ကြည့်စစ်ဆေး ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

မိုးရာသီတွင် ပဲခူးရိုးမမှ စီးဆင်းလာသောရေများကြောင့် အဆိုပါဒေသတွင် ကြုံတွေ့ရသည့် ရေကြီးရေလျှံမှု လျော့နည်းသက်သာစေရန် ပဲခူးမြို့နယ်တောင်ဆက်အင်းကျေးရွာအထက် လေးမိုင်ခန့်အကွာ ဝါးကတုတ်ချောင်းပေါ်တွင် ပင်မတမံအလျား ပေ ၆၄၀၀၊ အမြင့် ၈၆ ပေ ကုန်းကြောတမံ ၁၁ ခုပါဝင်ပြီး မြေသားတမံအမျိုးအစား ဝါးကတုတ်ရေလှောင်တမံမှ နွေစပါးနှင့် မိုးစပါးစိုက်ပျိုးသည့် လယ်မြေဧက



၁၀၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေလျက်ရှိသကဲ့သို့ မိုးယွန်းကြီးကန်သို့ နှစ်စဉ် ရေကူပို့လွှတ်ပေးလျက်ရှိသည်။

ဇူလိုင် ၁၀ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တိုင်းဒေသကြီး၊ ခရိုင်ဦးစီးဌာနမှူးများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းညွှန်ချက်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး အဓိကသီးနှံများအတွက် သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းရရှိရေး သက်ဆိုင်ရာဌာနများ ပူးပေါင်းစီမံဆောင်ရွက်ရန်၊ တစ်ဧကချင်း၏ သီးနှံထုတ်လုပ်နိုင်စွမ်းတိုးတက်ရေးနှင့် အခြေအနေပေးသည့် ဒေသများတွင် သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေးအတွက် နည်းပညာပေးလုပ်ငန်းများနှင့်အတူ အသိပညာပေး စည်းရုံးဆောင်ရွက်ရန်၊ ဒေသနှင့် သင့်တော်သည့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်မွေးမြူထုတ်လုပ်ခြင်း အထိတိုးချဲ့လုပ်ကိုင်နိုင်ရေး၊ ဒေသ၏ အသားထုတ်လုပ်မှုကဏ္ဍမြှင့်တင်ရေး၊ နိုင်ငံ့ဝန်ထမ်းဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် အားထုတ်ကြိုးပမ်းသွားရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဦးစီးဌာနအလိုက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးမှာကြားပြီး လိုအပ်ချက်များစီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်-၅၂ စားသုံးသူရေးရာဦးစီးဌာနရုံး အနီးရှိ မြေကွက်လပ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးကျော်ရွှေထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထိန်းသိမ်းနယ်မြေဧရိယာအတွင်း ၂၀၀၆ ခုနှစ်မှစ၍ ချုံနွယ်ပိတ်ပေါင်းနှင့် မြေများရှင်းလင်းပြီး ဝန်ထမ်းသက်သာချောင်ချိရေးကို ရည်ရွယ်၍ ရုံးအမှတ်- ၃ တွင် သရက်ပင် ၆၈၄၅ ပင်နှင့် ရုံးအမှတ်- ၅၂ တွင် သရက်ပင် ၅၁၅၉ ပင်၊ ဝါးပိုးဝါးပင် ၁၀၀၀၊ ရတနာတန်းဝင်ကျွန်းပင်၊ ပျဉ်းကတိုးပင်နှင့် အရိပ်ရလေကာပင် ၂၈၀၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း၊ **"ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း၊ ထာဝရကုသိုလ်ရဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့"** ဟူသည့် ဆောင်ပုဒ်၊ **တစ်သက်ပျော်ချင် သစ်ပင်စိုက်**စသည့် အဆိုအမိန့်စကားရပ်များနှင့်အညီ ယခုစိုက်ပျိုးမည့် အပင်များကို ရှင်သန်အောင် စိုက်ပျိုးရမည့်အပြင် စိုက်ပျိုးပြီးအပင်များကိုလည်း ရှင်သန်ဖြစ်ထွန်းစေရေး ဝန်ထမ်းများက ဝိုင်းဝန်းဆောင်ရွက်ရန် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးကာ ဒုတိယဝန်ကြီး ဦးကျော်ရွှေထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင် ကျွန်းပင်များကို သတ်မှတ်နေရာများ၌ စိုက်ပျိုး



ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၂၁၅ ပင်၊ သီးပင်စားပင်မျိုးစုံ ၁၄၅၀ နှင့် ဝါးပိုးဝါး ၁၅၀၀ တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရ သည်။

**သတင်းစဉ်**

# ညောင်ဦးခရိုင်၌ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ပြင်ဖြင့် သစ်ပင် ၃၀၀၀ ကျော် စိုက်ပျိုး

**ညောင်ဦး ဇူလိုင် ၁၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့ပူးပေါင်း၍ အပူပိုင်းဒေသ ၁၃ ခရိုင် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျောက်ပန်းတောင်း - ညောင်ဦးကားလမ်း မိုင်တိုင် ၂၆/၆တွင် ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ တက်ရောက် အမှာစကား ပြောကြားသည်။

သစ်ပင်စိုက်ပွဲတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပျိုးပင်များကို ပေးဝေကြပြီး ဒုတိယဝန်ကြီးက မဟော်ဂနီပင်ကို ဦးဆောင်စိုက်ပျိုးပေးကာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ သတ်မှတ်နေရာများတွင် ပျိုးပင်များစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။



ယနေ့ သစ်ပင်စိုက်ပွဲတွင် ကျွန်း၊ ပိတောက်၊ မဲဇလီ၊ မြန်မာကုက္ကို၊ ရင်းမာ၊ တမာ၊ မန်ကျည်း၊ ထနောင်း၊ ရှား၊ မဟော်ဂနီ၊ ပဲချယ်ရီ သစ်မျိုး ၁၁ မျိုး စုစုပေါင်းပျိုးပင် ၃၀၀၀ ကျော် စိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ မန္တလေးတိုင်းဒေသကြီး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဒီပါလင်း**

# ကလောမြို့နယ် ဟဲဟိုးမြို့၌ စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**ကလော ဇူလိုင် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမြို့ အမှတ်(၁)ရပ်ကွက်၌ မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ မတည်ထောက်ပံ့ငွေကျပ် သိန်း ၁၅၀ ဖြင့် ဆောက်လုပ်ခဲ့သည့် ဟဲဟိုးမြို့ ပုလဲသီတာစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မင်းစစ်နိုင်နှင့် မြို့မိမြို့ဖဥက္ကဋ္ဌ ဦးစန်းဟုတ်တို့က ဟဲဟိုးမြို့ရှိ ပုလဲသီတာစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တောင်ကြီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်တို့က ပုလဲသီတာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်တာက လက်ခံရယူသည်။

**ကျော်ဝင်း(ကလော)**



ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ

# ဂါဇာကမ်းမြောင်ဒေသသို့ လေးလကျော်အတွင်း ပထမအသုတ်အဖြစ် စက်သုံးဆီ သယ်ဆောင်ခွင့်ပြု



**ဂျီနီဗာ ဇူလိုင် ၁၁**

ဂါဇာကမ်းမြောင်ဒေသသို့ လေးလကျော်အတွင်း ပထမအသုတ်အဖြစ် ဝင်ရောက်ခွင့်ပြုခဲ့သည့် စက်သုံးဆီပမာဏသည် ဆေးရုံများနှင့် ရေပေးဝေရေးစနစ်များအပါအဝင် စက်သုံးဆီပြတ်လပ်မှုကို အနည်းငယ်မျှသာ ဖြည့်ဆည်းပေးနိုင်ကြောင်း ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအဖွဲ့က ဇူလိုင် ၁၀ ရက်တွင် ပြောသည်။

အစ္စရေးအာဏာပိုင်များက ကုလသမဂ္ဂအဖွဲ့ကို ဂါဇာကမ်းမြောင်ဒေသသို့ သယ်ဆောင်ခွင့်ပြုခဲ့သော စက်သုံးဆီ ၇၅၀၀၀ လီတာမှာ တစ်ရက်တာ စက်သုံးဆီ လိုအပ်ချက်ကိုပင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (အိုစီအိတ်ချ်အေ) က ပြောသည်။

ဂါဇာကမ်းမြောင်တွင် စက်သုံးဆီများပြတ်တောက်နေကြောင်း၊ စက်သုံးဆီ ပံ့ပိုးကူညီမှုများ အမြန်ဆုံးမရရှိပါက ဝန်ဆောင်မှုများ ရပ်တန့်သွားဖွယ်ရှိကြောင်း အိုစီအိတ်ချ်အေက ပြောသည်။

ထို့အပြင် ဂါဇာဒေသရှိ ကလေးငယ်ပေါင်း ၄၄၀၀၀ ခန့်အတွက် သန့်ရှင်းသော သောက်သုံးရေဖြန့်ဝေပေးမှုမှာ စက်သုံးဆီပြတ်လပ်မှုကြောင့် ရက်အနည်းငယ်အတွင်း ရပ်တန့်သွားနိုင်ကြောင်း၊ ထိုကဲ့သို့ ရပ်တန့်သွားပါက ကာလဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ဝမ်းကိုက်ရောဂါစသည့် ရေမှတစ်ဆင့် ကူးစက်တတ်သော ရောဂါဖြစ်ပွားနိုင်ခြေကို ပိုမိုမြင့်တက်စေနိုင်ကြောင်း အိုစီအိတ်ချ်အေက ထပ်လောင်းပြောသည်။ **ဆင်ဟွာ**

# ကနေဒါနိုင်ငံ မန်နီတိုဘာပြည်နယ်၌ တောမီးကြောင့် အရေးပေါ်အခြေအနေ ကြေညာ

**အော့တဝါ ဇူလိုင် ၁၁**

ကနေဒါနိုင်ငံ မန်နီတိုဘာပြည်နယ်တွင် တောမီးလောင်မှုသည် လူထုအသိုင်းအဝိုင်းကို ခြိမ်းခြောက်နေဆဲဖြစ်သည့်အတွက် ဇူလိုင် ၁၀ ရက်က ပြည်နယ်အနှံ့ အရေးပေါ်အခြေအနေ ထပ်မံကြေညာခဲ့သည်။



ကနေဒါနိုင်ငံ၌ တောမီးလောင်မှုကို ဇူလိုင် ၉ ရက်က တွေ့ရစဉ်။

## တာဝန်ရှိသူများ၏ အကြံပြုချက်အပေါ် အခြေခံ

အဆိုပါ ကြေညာချက်သည် ပြည်နယ်၏တောမီးနှင့်အရေးပေါ် စီမံခန့်ခွဲရေး တာဝန်ရှိသူများ၏ အကြံပြုချက်အပေါ် အခြေခံ၍ ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အစိုးရက ပြောသည်။

ဇူလိုင် ၈ ရက်အထိ မန်နီတိုဘာ တောမီးကြောင့် ဟက်တာ တစ်သန်းကျော် မီးလောင်ခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာက ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# ယခုသီတင်းပတ်အတွင်း ဒုတိယမြောက်ကုန်တင်သင်္ဘောတစ်စင်းကို ဟူသီတို့ တိုက်ခိုက်နှစ်မြှုပ်

**အေဒင် ဇူလိုင် ၁၁**

အစ္စရေးနိုင်ငံသို့ ဦးတည်သည့် ကုန်တင် သင်္ဘောတစ်စင်းကို ယီမင်နိုင်ငံရှိ ဟူသီအဖွဲ့က တိုက်ခိုက် နှစ်မြှုပ်လိုက်သည်ဟု ဟူသီတို့က ပြောသည်။ ယင်းဖြစ်ရပ်သည် ယခု သီတင်းပတ်အတွင်း ဒုတိယအကြိမ်မြောက် ဖြစ်ပွားခြင်းဖြစ်သည်။

အဆိုပါ ဖြစ်ရပ်ကြောင့် ပင်လယ်နီတစ်ဝိုက် ပင်လယ်ရေကြောင်းသွားလာမှုကို စိုးရိမ်မှုများ တစ်ဖန်မြင့်တက်လာသည်။

## ဟူသီတို့၏ လုပ်ရပ်ဖြစ်

ယခု သီတင်းပတ်အတွင်း ဒုတိယအကြိမ်မြောက် ကုန်တင်သင်္ဘော နှစ်မြှုပ်ခံရခြင်းသည် ဟူသီတို့၏ လုပ်ရပ်ဖြစ်သည်ဟု ဇူလိုင် ၉ ရက်တွင် လူမှုကွန်ရက်မီဒီယာပေါ်၌ ဟူသီ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

## ဒုံးကျည်ခြောက်စင်းဖြင့် တိုက်ခိုက်

ဇူလိုင် ၇ ရက်ကလည်း ကုန်တင် သင်္ဘောတစ်စင်းကို တိုက်ခိုက်ခဲ့သည်ဟု ဟူသီတို့က ပြောသည်။ အဆိုပါတိုက်ခိုက်မှုတွင် ဒုံးကျည်ခြောက်စင်းဖြင့် တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်ဟု ပြောသည်။



## ၁၀ ဦး အသက်ရှင်လျက် ကယ်တင်

ယီမင်နိုင်ငံ ရေတပ်မှ အထူးတပ်ဖွဲ့သည် နှစ်မြှုပ်ခံရသည့် သင်္ဘောပေါ်မှ သင်္ဘောသားများကို ကယ်တင်နိုင်ရန် ကြိုးပမ်းခဲ့သည်ဟု ဖော်ပြထားသည်။ သင်္ဘောသား ၁၀ ဦးကို အသက်ရှင်လျက်ကယ်တင်နိုင်ခဲ့ပြီး လေးဦးကို အလောင်းသာပြန်ရခဲ့သည်။ ၁၁ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ အဆိုပါသင်္ဘောသည် လိုက်ဘေးရီးယား အလံလွှင့်ထူထားခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစတင်ကာ ဟူသီတို့က ပင်လယ်နီတစ်ဝိုက် သွားလာနေသည့် သင်္ဘောများကို စတင်တိုက်ခိုက်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ကွန်ဂိုနိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားမှု မြင့်မားလာ

**ကင်ရှာဆာ ဇူလိုင် ၁၁**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားမှုမှာ ဆက်လက်မြင့်မားနေဆဲဟု ကျန်းမာရေးဝန်ကြီး ရိုဂါကမ်ဘာ က ဇူလိုင် ၁၀ ရက်တွင် ပြောသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှစတင်ကာ ကာလဝမ်းရောဂါဖြစ်ပွားသူ ၃၃၀၀၀ ကျော်ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူဦးရေမှာ ၂ ရာခိုင်နှုန်း ရှိသည်ဟု ကမ်ဘာက ပြောသည်။

ယခုအချိန်အထိ နိုင်ငံအတွင်း ပြည်နယ် ၂၆ ခုတွင် ၁၄ ခုမှာ ကာလဝမ်းရောဂါ ကူးစက်ပျံ့နှံ့နေပြီဖြစ်သည်။ လူပေါင်း ၁ ဒသမ ၇ သန်းနေထိုင်သည့် မြို့တော်ကင်ရှာဆာတွင် တစ်ပတ်အတွင်း ကူးစက်ခံရသူ ၁၃၀ ဝန်းကျင်ရှိသည်။ သေဆုံးသူဦးရေမှာလည်း သိသိသာသာ များလာသည်ဟု ကျန်းမာရေးဝန်ကြီးက ပြောသည်။

ရောဂါကူးစက်မှုကို တုံ့ပြန်သည့်အနေဖြင့် မြို့တော် ကင်ရှာဆာတွင် ကုသရေးစင်တာသစ်များဖွင့်လှစ်ကာ လူနာများကို အခမဲ့ကုသမှုများပေးလျက်ရှိသည်။ နိုင်ငံအတွင်း မျောက်ကျောက်ရောဂါလည်း ပြန်လည်ဖြစ်ပွားလျက်ရှိရာ လက်ရှိကျန်းမာရေးအခြေအနေမှာ စိုးရိမ်ဖွယ်ဖြစ်နေသည်။ မေ ၅ ရက်မှစတင်ကာ ကွန်ဂိုနိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားကြောင်း ကြေညာခဲ့သည်။ **ဆင်ဟွာ**

# လာအိုနိုင်ငံ၌ ဇွန်လအတွင်း ယာဉ်မတော်တဆမှုကြောင့် ၆၂ ဦး သေဆုံး

**ဗီယင်ကျန်း ဇူလိုင် ၁၁**

ဇွန်လအတွင်း လာအိုနိုင်ငံတစ်ဝန်း ယာဉ်မတော်တဆမှုများကြောင့် စုစုပေါင်း ၆၂ ဦး သေဆုံးကြောင်း သိရသည်။ အဆိုပါအရေအတွက်မှာ ပြီးခဲ့သည့်လက သေဆုံးသူ ၇၀ ထက် လျော့နည်းလာသည်။

ဇွန်လအတွင်း လာအိုနိုင်ငံတစ်ဝန်း ယာဉ်မတော်တဆမှု စုစုပေါင်း ၅၂၀ ဖြစ်ပွားရာ လူပေါင်း ၆၂ ဦး သေဆုံးကာ ၇၃၈ ဦး ဒဏ်ရာရရှိကြောင်း၊ ယာဉ်အစီးရေ ၉၂၄ စီး ပျက်စီးခဲ့ရကြောင်း ပြည်တွင်းသတင်းဝက်ဘ်ဆိုက်ဖြစ်သည့် လာအိုဖသန်နာနယူးစ်က ဇူလိုင် ၁၁ ရက်တွင် ထုတ်ပြန်ထားသည်။ လာအိုနိုင်ငံ မြို့တော်ဗီယင်ကျန်း၌ ယာဉ်မတော်တဆမှု အရေအတွက် ၁၀၃ မှုဖြင့် အများဆုံးဖြစ်ပြီး သေဆုံးသူပေါင်း ၁၉ ဦးရှိကြောင်း သိရသည်။

အလားတူ လာအိုနိုင်ငံတစ်ဝန်း မေလအတွင်း ယာဉ်မတော်တဆမှု စုစုပေါင်း ၅၃၂ ဦးရှိရာ သေဆုံးသူ ၇၀ နှင့် ဒဏ်ရာရရှိသူ ၈၀၀ ရှိကြောင်းနှင့် ယာဉ်အစီးရေ ၉၃၁ စီး ပျက်စီးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ၏ လူဦးရေ ၂၈၆ ဒသမ ၆ သန်းရှိလာ

**ဂျကာတာ ဇူလိုင် ၁၁**

အင်ဒိုနီးရှားပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၂၅ ခုနှစ် ဇွန်လအထိ အင်ဒိုနီးရှားနိုင်ငံ၏ လူဦးရေမှာ ၂၈၆ ဒသမ ၆ သန်းရှိလာပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလနှင့် နှိုင်းယှဉ်လျှင် လူဦးရေ ၁ ဒသမ ၇ သန်းခန့် တိုးလာကြောင်း သိရသည်။

လူဦးရေမြင့်တက်လာခြင်းမှာ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွက် အရေးပါသည့် အခြေခံအုတ်မြစ်အဖြစ် ဆက်လက်ရှိနေကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ လူဦးရေနှင့် အရပ်ဘက်မှတ်ပုံတင်ရေးဌာန ညွှန်ကြားရေးမှူးချုပ် တီဂူးဆက်ယာဘူတီက ဇူလိုင် ၁၁ ရက်တွင် ပြောကြားလိုက်သည်။ ထို့အပြင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် ၂ ဒသမ ၆ သန်း ပိုများကြောင်း ၎င်းက ဆက်ပြောသည်။ **ဆင်ဟွာ**

# နမီးဘီးယားနိုင်ငံ၌ လူပေါင်း ၁ ဒသမ ၄ သန်း စားရေရိက္ခာမလုံလောက်မှုနှင့် ကြုံတွေ့နေရ

**ဝင်းဒှေါခ် ဇူလိုင် ၁၁**

ပြင်းထန်သည့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးခေါင်ရေရှားမှုဖြစ်ပွားပြီးနောက် နမီးဘီးယားနိုင်ငံ လူဦးရေ၏ ၄၅ ရာခိုင်နှုန်းခန့်ရှိသော လူပေါင်း ၁ ဒသမ ၄ သန်းခန့်မှာ စားရေရိက္ခာမလုံလောက်မှုနှင့် ကြုံတွေ့နေရဆဲဖြစ်ကြောင်း ဇူလိုင် ၁၀ ရက်တွင် ဝန်ကြီးချုပ် အလီဂျာငူရာရဲက ပြောကြားသည်။ မိုးခေါင်ရေရှားမှု လျော့ပါးရေး အစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၃ သန်းခန့်ကို အစိုးရအဖွဲ့က အတည်ပြုခဲ့သည်ဟု ငူရာရဲက ပြောကြားသည်။ **ဆင်ဟွာ**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ဘောလုံးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇုန် (၄)ဇုန်ခွဲ၍ကျင်းပရာ သက်ဆိုင်ရာဇုန်များအလိုက် အားကစားကွင်းအသီးသီးတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင် ပရိသတ် ၉၀၀၀ ကျော်ခန့် တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊



ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကချင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နှစ်ဖက်စလုံး ဂိုးမရှိ သရေရလဒ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးက ရခိုင်ပြည်နယ်အသင်းကို ကိုးဂိုး - ဂိုးမရှိဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၁ ရက်မှ ၁၈ ရက်အထိ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇုန် (၄) ဇုန်ခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး ရှုံးထွက်ပွဲစဉ်များမှ စတင်၍ ဗိုလ်လုပွဲပွဲစဉ်များအထိ ရန်ကုန်မြို့ရှိ အားကစားကွင်းများ၌ ကျင်းပသွားမည်ဖြစ်သည်။ ဇူလိုင် ၁၂ ရက် ပြိုင်ပွဲပွဲစဉ်များအဖြစ် မွန်းလွဲ ၃ နာရီတွင် ကရင်ပြည်နယ်၊ ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားဥယျာဉ်ကွင်း၌ ကယားပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## မင်္ဂလာဒုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်လုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အသိပညာ တိုးပွားလာစေရေး ရည်ရွယ် ဆောင်ရွက်လျက်ရှိရာ ၂ (က) ရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးပြီး အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။



ဟောပြောပွဲတွင် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းအေးက မုဒိတာအမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို လည်းကောင်း၊ မြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာမ ကြည်သာရီ(မြရည်နန္ဒာ)က လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း လူတော်လူကောင်းဖြစ်လာစေရန်နှင့် နိုင်ငံ့သားကောင်းရတနာလေးများဖြစ်လာစေရန် ငယ်ရွယ်စဉ်ကပင် စာအုပ်စာပေကို များများဖတ်မှတ် လေ့လာဆည်းပူးကြစေလိုကြောင်း အသိပညာပေး ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်း ရေး အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ/ရသ စာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

မင်းသိန်းထွန်း

## ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ဒုတိယအကြိမ် ရက်ကန်းသင်တန်း ဖွင့်လှစ်

**လွိုင်ကော် ဇူလိုင် ၁၁**

ကယားပြည်နယ် အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၏၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒုတိယအကြိမ် လက်ရက်ကန်း ခြောက်လသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ရှိ အဆိုပါသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်မျိုးသန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍လွိုင်ကော်မြို့ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ် ဒေါ်မြမြချိုက လက်ရက်ကန်းသင်တန်းနှင့်ပတ်သက်၍ လည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဆန်းဝင်းက သင်တန်းသူများအား သင်ရိုးညွှန်းတမ်းစာအုပ်များကို လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အဖွဲ့က ရက်ကန်းသင်တန်းလက်တွေ့ဆောင်အတွင်း လှည့်လည်ကြည့်ရှုကာ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကား ပြောကြားသည်။

ယခုဖွင့်လှစ်သည့်သင်တန်းတွင် လက်ရက်ကန်းဘာသာ၊ လက်ချည်မျှင်ဆွဲနှင့် တိုင်းရင်းသားရိုးရာဂျပ်ခုတ်ဘာသာ၊ အထည်ဒီဇိုင်းဘာသာ၊ အဖြူချုတ်ဆေးဆိုးဘာသာနှင့် အထည်တန်ဖိုးတွက်ချက်မှု ဘာသာရပ်ငါးခုကို ပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလ ခြောက်လဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ထန်းတပင်မြို့နယ်၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်သွားမည့် ဖက်ဝင်းကုန်း - ခြံကြီးကုန်း ကျေးရွာချင်းဆက်လမ်းအား ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည့် ကွဲကူးကျေးရွာအုပ်စု ဖက်ဝင်းကုန်း -ခြံကြီးကုန်း ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်သွားမည့်ကျေးရွာချင်းဆက်လမ်းနေရာကို ယနေ့နံနက်ပိုင်းတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး) ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဦးဇော်မိုးဦး၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊ ဦးစီးအရာရှိ(မြို့ပြ) နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဇင်မင်းထိုက်(ထန်းတပင်)



## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဇူလိုင် ၁၁**

ယနေ့ ညနေ ၅ နာရီ ၄၁ မိနစ် ၂၉ စက္ကန့်တွင် နမ့်စန်မြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၅၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုင်းကိုင်မြို့၏ အနောက် - အနောက်မြောက်ဘက် ၆ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၆၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၄၄ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၄ ဒသမ ၀ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



## မွန်ပြည်နယ်အစိုးရအဖွဲ့က ရင်ချင်းဆက်အမြွှာမွေးဖွားသည့် မိခင်အား ချီးမြှင့်ငွေကျပ်သိန်း ၁၀၀ ပေးအပ်

**ဘီးလင်း ဇူလိုင် ၁၁**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ဇူလိုင် ၉ ရက်က ရင်ချင်းဆက်အမြွှာကို ခွဲစိတ်မွေးဖွားခဲ့သော မိခင်အား မွန်ပြည်နယ်အစိုးရအဖွဲ့က ချီးမြှင့်ငွေကျပ်သိန်း ၁၀၀ ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက ဘီးလင်းမြို့နယ် ပြည်သူ့ဆေးရုံ သားဖွားမီးယပ်ဆောင်၌ ပေးအပ်သည်။

**အားပေးစကား ပြောကြား**

အဆိုပါ ရင်ချင်းဆက်အမြွှာ မွေးဖွားသည့် မိခင်အား မွန်ပြည်နယ်အစိုးရအဖွဲ့က ချီးမြှင့်သော ငွေကျပ်သိန်း ၁၀၀ အား ပေးအပ်ရာတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ကျိုက်ထိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်၊ ဘီးလင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူအောင်၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး နေယုအောင်နှင့် တာဝန်ရှိသူများက သွားရောက်၍ ရင်ချင်းဆက်အမွှာ မွေးဖွားသူ ဦးသန့်ဇော်ဦး၏ ဇနီး နော်ချောဂေ ထံသို့ လွှဲပြောင်းပေးအပ်ကာ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၁

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။**

ဇူလိုင် ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-ပဲခူးလမ်းဟောင်း၊ အမှတ်(၂)လမ်းဆုံအနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကို လည်းကောင်း၊ အမှတ်(၂)လမ်းမကြီး အင်းတိုင်ကျေးရွာအနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး၊ စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၁၁၈၆၆၁)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀၀)ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၅၇၈၀၀၀)ကို လည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၆၀၃၆၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၃၁ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၁၆၂၉၉၆၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ MAI Airlines လေယာဉ် ခရီးစဉ်အမှတ် 8M – 502/ SF – 6478 ဖြင့် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် မြန်မာနိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၀၀၀၀) ကိုလည်းကောင်း၊ လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၁၅၈၀၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၂၂၅၈၄၂၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၉ ရက်တွင် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် မြေနီလမ်း ကမ်းနားဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းတစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၁၀၀၀၀)ကိုလည်းကောင်း၊ ဇူလိုင် ၁၀ ရက်တွင် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ပေါ်ဦး အောက်လမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၉၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၉၁၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ် နတ်ရေကန်ရွာ တပ်မတော်လုံခြုံရေးဂိတ်၌ မိတ္ထီလာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်း ၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၀၆၅၂၇၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Foton Avman Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၈၀၆၅၂၇၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ဆောင်ရွက်ခဲ့ရာ ကျိုက်မရောပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၆၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Regius Ace Delivery Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၆၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၀ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ကိုးစီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၅၁ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၈၂၉၇၆၉၁) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## ရွှေပညာဒါန(အခမဲ့)သင်တန်း အမှတ်စဉ်(၃၆) ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် ရွှေပညာဒါန(အခမဲ့)သင်တန်း အမှတ်စဉ်(၃၆) ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းရုံး၌ ကျင်းပသည်။

“သင်တန်းမှာ ငွေကြေးခဝါချမှု အသိပညာပေးခြင်း၊ ရွှေတူးဖော်ခြင်း၊ ရွှေသန့်စင်ခြင်းနဲ့ မီးလင်း ရွှေဈေးကွက် ရောင်းဝယ်ခြင်း၊ ရွှေပန်းထိမ်၊ ရွှေဆိုင်ဖွင့်ရန် အခြေခံတွက်ချက်နည်း၊ ရွှေအပေါင်ခံခြင်း၊ ရွှေဒင်္ဂါး/ ငွေဒင်္ဂါး၊ ကျောက်မျက်ပညာ၊ ရွှေဆိုင်ဖွင့်လှစ်ခြင်း၊ အသုံးချရွှေသင်္ချာတို့ကို သင်ကြားပေးသွားမှာဖြစ်ပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။



ရွှေပညာဒါန(အခမဲ့) သင်တန်း အမှတ်စဉ်(၃၆)သို့ ရွှေဆိုင်ပိုင်ရှင်များ၊ ရွှေကုန်သည်များ၊ ရွှေပန်းထိမ်ပညာရှင်များ၊ ရွှေအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူများ၊ ရွှေချွတ် လုပ်ငန်းရှင်များနှင့် ရွှေအကြောင်း စိတ်ပါဝင်စားသူများအပါအဝင် သင်တန်းသားသင်တန်းသူ ၁၅၀ တက်ရောက်ပြီး ကိုးရက်ကြာ ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## ဘိုကလေးမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ခင်းကျင်းနိုင်ရေး ကွင်းဆင်းစစ်ဆေး

**ဘိုကလေး ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၁၂၉ ဒသမ ၁၈၈ သန်းဖြင့် ဆောင်ရွက်မည့် ရွာတန်းရှည်-ဖျာပုံ-ဘိုကလေးကားလမ်း



ကျေးရွာချင်းဆက် လမ်းအရှည် ၀ ဒသမ ၄၀၂ ကီလိုမီတာ၊ အကျယ် ၃ ဒသမ ၆၆ မီတာ၊ ထု ၁၇၅ မီလီမီတာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား အရည်အသွေး၊ အတိုင်းအတာပြည့်မီစွာဖြင့် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အချိန်မီ ပြီးစီးနိုင်ရေးအတွက် ယမန်နေ့က ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမိုးမြင့်နှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာန(ရုံးချုပ်)၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာန တာဝန်ရှိသူများက ခင်းကျင်းမည့်လမ်းနေရာသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

**မိုးစက်(ဘိုကလေး)**

## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## မဟာဘွဲ့သင်တန်းများဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
## ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၂၀၂၅-၂၀၂၆)ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့်အောက်ပါမဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

**မဟာဘွဲ့သင်တန်းများ**

(က) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (Master of Public Administration_MPA) Online သင်တန်း
(ခ) ဖွံ့ဖြိုးရေးပညာမဟာဘွဲ့(Master of Development Studies_MDevS) Online သင်တန်း
(ဂ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(Executive Master of Public Administration_EMPA) (Online သင်တန်း)
(ဃ) ဖွံ့ဖြိုးရေးပညာမဟာဘွဲ့ (Executive Master of Development Studies_EMDevS) (Online သင်တန်း)

၂။ အဆိုပါ မဟာဘွဲ့သင်တန်းများအား အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) အခြားတက္ကသိုလ်တစ်ခုခုတွင် သင်တန်းတစ်ခုခုကို တစ်ပြိုင်တည်း တက်ရောက်နေသူ မဖြစ်စေရ။
(ဂ) သက်ဆိုင်ရာ သင်ရိုးနှင့်အညီ သတ်မှတ်ထားသော အချိန်အတိုင်း ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) မဟာဘွဲ့သင်တန်းများအတွက် သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲနှင့် လူတွေ့အကဲဖြတ် စစ်ဆေးခြင်းတို့ကို လူကိုယ်တိုင် လာရောက် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။
(င) Executive EMDevS တန်းများအတွက် (၁-၇-၂၀၂၅) ရက်နေ့တွင် အသက်(၃၀)နှစ် ပြည့်ပြီးသူဖြစ်ရမည်။
(စ) EMDevS (Online သင်တန်း)အတွက် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်တွင် အရာရှိလုပ်သက်နှင့် လုပ်ငန်းခွင်အတွေ့ အကြုံ အနည်းဆုံး(၅)နှစ် ရှိသူဖြစ်ရမည်။
(ဆ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းသို့ တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာပါရှိရမည်။
(ဇ) အခြေခံကွန်ပျူတာ (Basic Computing Skill) ကျွမ်းကျင်တတ်မြောက်ရပါမည်။
(ဈ) EMPA (Online သင်တန်း)အတွက် (၁-၇-၂၀၂၅) ရက်နေ့တွင် အသက်(၃၃)နှစ်ပြည့်ပြီးသူဖြစ်ရမည်။
(ည) EMPA (Online သင်တန်း)အတွက် အစိုးရဝန်ထမ်းဖြစ်လျှင် ပြန်တမ်းဝင်အရာရှိ လုပ်သက်အနည်းဆုံး (၅)နှစ်ရှိရမည် ဖြစ်ပြီး၊နိုင်ငံတကာအဖွဲ့အစည်းနှင့်ကုမ္ပဏီဝန်ထမ်းဖြစ်လျှင် Executive Level (စီမံခန့်ခွဲမှုအဆင့်) လုပ်သက်(၅)နှစ် ရှိရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့်သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို အောက်ဖော်ပြပါ ဌာနများတွင် သတ်မှတ်ရက်အတွင်း တင်သွင်းလျှောက်ထားနိုင်ပါသည်။

| စဉ် | သင်တန်းအမည် | လျှောက်လွှာတင်သွင်းရမည့်ရက် | ရေးဖြေဖြေဆိုရမည့်ရက် | ဆက်သွယ်ရမည့်နယ်မြေ/ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁။ | MDevS(Online) EMDevS(Online) | ၁၄-၇-၂၀၂၅ မှ ၁၂-၈-၂၀၂၅ | ၂၄-၈-၂၀၂၅ (ဗုဒ္ဓဟူးနေ့) | ဘောဂဗေဒဌာန ကမာရွတ်နယ်မြေ (၀၁ ၇၅၂၆၆၁၃) |
| ၂။ | MPA(Online) EMPA(Online) | ၁၆-၇-၂၀၂၅ မှ ၂၄-၈-၂၀၂၅ | ၂၅-၈-၂၀၂၅ (ကြာသပတေးနေ့) | အသုံးချဘောဂဗေဒဌာန ကမာရွတ်နယ်မြေ (၀၁ ၇၅၁၂၆၃၃) |

**ဌာနမှူး(သင်တန်း)**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ တိုက်အမှတ်-(၄)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင်ဆောက်ထားသော(၂)ခန်းတွဲ ငါးထပ်တိုက်အဆောက်အအုံ၏ စတုတ္ထထပ်၊ ဒါဘာခေါင်းရင်းခန်း၊ (၅)လွှာ၊ အကျယ်အဝန်း(၁၁ပေခွဲ၊ ၄၀ပေ) ရှိလူနေတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးမျိုးမင်းပိုင် (၁၂/လမန(နိုင်)၁၆၂၁၅၆) နှင့် ဒေါ်သင်းသင်းဦး (၁၂/ဒဂန(နိုင်)၀၃၇၅၃၂)က လက်ရှိထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်း၍ ရောင်းချလာသည်ကို ကျွန်ုပ်၏မိတ်ဆွေဒေါ်နီလာအေး (၁၂/လမန(နိုင်)၁၆၈၈၇၄)ကလည်း ယုံကြည်သဖြင့် လွှဲပြောင်း ဝယ်ယူရန် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ယင်းတိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာသူ မည်သူမဆို ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသော အကြောင်းပြချက်နှင့် ပိုင်ဆိုင်သောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ် ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများ သိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအေး(LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၄၆၀၄၉)**
**ဖုန်း - ၀၉-၄၄၈၀၁၉၇၁၉၊ ၀၉-၄၄၄၄၈၅၀၉၂၊ ၀၉-၉၇၅၆၀၄၆၇၃**

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ မြယာရိုးကျေးရွာ၊ အမှတ်(၆) နယ်မြေ၊ ဇေယျာသီရိစုပေါင်းလမ်း ဟုခေါ်တွင်သော အလျား Xအနံ (၃၀X၁၂၀) ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးလက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်အေးမြကြူ ၅/ကဘလ(နိုင်)၁၉၈၂၈၇၊ ဒေါ်မိုးစန္ဒာ ၅/ကဘလ(နိုင်)၁၂၇၈၆၂တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရန်အောင် ၁၄/မပန(နိုင်)၁၄၅၃၀၃က(၈.၇.၂၀၂၅) ရက်စွဲပါနှစ်ဦး သဘောတူမြေကွက် အရောင်းအဝယ် ကတိစာချုပ်ဖြင့် ပြန်လည်ဝယ်ယူကာ လက်ရောက် ရရှိထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်သော ကန့်ကွက်မှု တစ်စုံတစ်ရာကိုမျှ ထည့်သွင်း စဉ်းစားမည်မဟုတ်ဘဲ ဝယ်ယူသူ ပိုင်ဆိုင်မှု ပိုမိုခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇာနည် (LL.B.,D.B.L,D.I.P.L)(စဉ်-၁၄၆၆၈) ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်(LL.B,D.I.P.L)(စဉ်-၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၃၂စိစ)၊ကာယ(၁၁)လမ်း၊ကာယရပ်ကွက်၊မြေကွက်အမှတ်(၄/၂၀၀)၊အမှတ်(၁၃၃)အကျယ်အဝန်း(၀.၄၉၀)ဧကရှိ (၁)ဒေါ်အေးစု(၉/မကန(နိုင်)၀၂၄၁၉၉)၊(၂)ဒေါ်ထားထားလွင်(၉/မကန(နိုင်)၀၄၅၆၂၄)နှင့် (၃)ဒေါ်မြင့်မြင့်သိန်း(၁/မကတ(နိုင်)၀၀၀၁၈၇)တို့(၃)ဦးအမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူများ၊ဂရန်အမည်ပေါက်ပိုင်ရှင်(၃)ဦးတို့ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်တို့ထံသို့တရားဝင်နိုင်လုံသောစာရွက်စာတမ်းအထောက်ထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်လှိုင် LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)**
**Ph- 09421746974**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၄၁

၁။ ဒေါ်ဝင်းလဲ့စန္ဒီ နှင့် ဒေါ်ကျော့ကျော့
၂။ ဦးသူလှျံဟိန်း
**(တရားလိုများ)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၃)ရပ်ကွက်၊ ပညာတန်ဆောင်လမ်း အမှတ်-၅၈၆နေ ဒေါ်ကျော့ကျော့ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌တရားလိုက"ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချိုကေရီဆွေ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးကျော်ဆွေ၏ သမီး မခင်နန်းစိုး ၈/ရစက(နိုင်) ၂၇၂၀၄၉ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၄၃၈၇၃၉၆**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးအေးကြူ၏ သားဖြစ်သူ မောင်စည်သူဟိန်း ၉/ခမစ(နိုင်) ၀၉၀၆၆၅ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၇၆၃၅၇၈၁**

## အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့ပေနာကျေးရွာအုပ်စု ကော့ပေနာကျေးရွာ ကော့ပေနာ အထက/ခွဲ Grade-12 ၌ ပညာသင်ကြားနေသော (ဘ)ဦးဝင်းရှိန်၏သား မောင်စိုင်းမင်းဦး၏ အမည်မှန်မှာ မောင်ဆန်းမင်းဦး ဖြစ်ပါကြောင်း။

## အမည်မှန်

ပုသိမ်မြို့၊ စိန်ဂွန်းကိုယ်ပိုင်အထက်တန်းကျောင်း Grade-6 မှ မောင်စောဖြိုးထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးစောစိုင်းခေလေး ၁၄/ပသန(နိုင်) ၁၇၃၀၃၇ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်နေလင်းကျော် ၁၁/ကဖန(နိုင်) ၁၅၅၃၀၅ ၏ ပတ်စ်ပို့ နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၂၅၅၁၉၀၉၀၁**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း Grade-12 အတန်းမှ ကျောင်းသူ မနွေဂျူဂျူလွင်၏ဖခင် ဦးဖိုးလွင်၏အမည်မှန်မှာ ဦးခင်မောင်ဆွေ ၈/ပခက(နိုင်)၂၀၃၇၁၃ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ဆွေ**
**၈/ပခက(နိုင်)၂၀၃၇၁၃**

## တူမအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ကျွန်တော် ဦးဝင်းကိုနှင့် ဒေါ်မိုးသူဇာတို့ နှစ်ဦးစလုံးသည် တူမဖြစ်သူ မအိအိန္ဒြာချို(ခ) အိုအီးရှီအား မိဘအရင်းနှင့်မခြား ပြုစုစောင့်ရှောက်ခဲ့သည်မှာ သူမ၏ မိဘများကွယ်လွန်ပြီးနောက်ပိုင်း၊ သူမအရွယ် မရောက်ခင်ကာလမှ ယနေ့ အရွယ်ရောက်သည့်ကာလအထိဖြစ်သည်။ ထိုသို့ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့ပါသော်လည်း မအိအိန္ဒြာချို(ခ)အိုအီးရှီ ၁၄/ပသန(နိုင်)၂၇၅၈၁၉သည် လူကြီးမိဘများ၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် ဦးလေးနှင့်အဒေါ်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေသောကြောင့် တူမအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ကြော်ငြာပါသည့်ရက်မှစ၍ ၎င်း၏ကိစ္စအဝဝကို မိဘအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မအိအိန္ဒြာချို(ခ) အိုအီးရှီ၏ တာဝန်သာဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဦးဝင်းကို ၁၄/လမန(နိုင်)၀၀၉၁၁၄**
**ဒေါ်မိုးသူဇာ ၁၄/ပသန(နိုင်)၀၅၆၀၆၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ အနော်မာ(၈)လမ်း၊ မြေကွက်အမှတ်(၇၆၃/က)ရှိ (၂၀ပေx၆၀ပေ) ကျယ်သော နှစ်(၆၀)ဂရန်မြေကွက်သည်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှု ဌာန(မြို့မြေစာရင်း)တွင်ဒေါ်ဇရီ(CE-035993)၊ ဒေါ်ခင်ဝင်းကြည် (၁၂/ဥကတ(နိုင်)၀၆၇၀၇၁)တို့ အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်မှ ညာဘက်(ခေါင်းရင်းဘက်ခြမ်းရှိ)(၁၀ပေx၆၀ပေ) ကျယ်သော အိမ်နှင့်မြေ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူလက်ဝယ်ထားရှိသူ ဒေါ်အေးအေးသန့်(၁၂/ပဇတ(နိုင်)၀၀၂၈၉၇)က အရှုပ်အရှင်းကင်းရှင်းကာ မိမိတွင်သာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီရိဝင်း(၁၂/အလန(နိုင်)၀၀၀၃၇၅)က အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအိမ်နှင့်မြေ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်ထက်ထက်အောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၈၈)**
**အမှတ်(၅၆၀)၊ မာဃ(၁၀)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၂၃၇၃၆၁၆၈**

## ဖောင်းကြွနံပါတ်ပြားမိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/4899 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄ အိုင်-၁)၊ မြေကွက်အမှတ်(၁၂)၊(၀.၁၂၉)ဧက မြေကွက်တည်နေရာ အမှတ်(၁၂)၊မြလမ်း၊မြန်မာ့ဂုဏ်ရောင်အိမ်ရာ၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ဦးသန်းစော(၁၂/ပဘတ(နိုင်)၀၁၅၂၇၈)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်(ဖခင်)ဦးသန်းစောမှာ သာသနာ့ဘောင်သို့ အပြီးဝင်ရောက်ခဲ့ပြီး (မိခင်) ဒေါ်လှရှင်(၁၂-၃-၂၀၀၃)ရက်တွင် ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်ဆွေဆွေဦး(၁၂/ပဘတ(နိုင်)၀၁၅၃၃၃)၊ ဒေါ်တင်တင်ဦး (၁၂/ပဘတ(နိုင်)၀၁၄၈၉၉)၊ ဒေါ်ခင်ခင်ဦး (၁၂/ပဘတ(နိုင်)၀၁၄၈၉၃)၊ ဒေါ်သီတာဦး (၁၂/ပဘတ(နိုင်)၀၁၄၉၁၂)၊ ဦးကျော်စွာလင်း (၁၂/ပဘတ(နိုင်)၀၃၁၆၉၁)တို့မှ မိဘများတွင် သားသမီးများအဖြစ် မိမိတို့ သားသမီး(၅)ဦးမွေးဖွားထွန်းကားခဲ့ပြီး သားသမီးများဖြစ်သည့် မိမိတို့ကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် အခြားသားသမီးများ၊ ကိတ္တိမသားသမီးများမရှိပါကြောင်း မိမိတို့၏ဖခင် ဦးသန်းစောသည် သာသနာ့ဘောင်သို့ မဝင်ရောက်မီ ဖခင်အမည်ပေါက် မြေကွက်နှင့်အဆောက်အအုံအား လှူဒါန်း၊ ပေးကမ်း၊ စွန့်လွှတ်ထားခြင်းမရှိပါကြောင်း (၂၉-၄-၂၀၂၅)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မိခင် ဒေါ်လှရှင် သေဆုံးမှုလက်မှတ် ၊နှစ်(၆၀)မြေငှား ဂရန်၊ ဖခင်ဦးသန်းစော၏ သာသနာ့ဝင်စိစစ်ရေးကတ်ပြား၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာတရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြိတ်မြို့၊ လိုင်စင်ရအိမ်ခြံမြေအကျိုးဆောင် လိုင်စင်အမှတ်-၁၁၈၄၇ ဒေါ်နွေးနွေးလတ်နှင့်အများသိစေရန်ကြေညာခြင်း

